ရောင်လှန်

The Mirror

ဘုဒ္ဓဟု ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ တနလာနေ့၊ (6-11-2006) (၅၁၃)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကွေ့လင်းမြို့၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အထင်ကရနေရာများနှင့် ပွဲပြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှု လေ့လာ

နေပြည်တော် နိုဝင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် နန်နင်းမြို့မှ ကွေ့လင်းမြို့သို့ သွားရောက်ရန် နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့် Liyuan Hotel မှ နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ရိုးရာအကအဖွဲ့ဝင်များနှင့် ကွမ်ရီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှ တာဝန်ရှိပုဂ္ဂိုလ်များအား နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ကွမ်ရီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျန်းဝမ်ရှယ်၊ ကွမ်ရီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးဌာန

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွေ့လင်းမြို့ လိကျန်းမြစ်တစ်လျှောက်ရှိ သဘာဝ သာယာလှပမှုကို ကြည့်ရှု လေ့လာစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဟူပေပြည်နယ် ဝူဟန်မြို့၌ လှည့်လည်လေ့လာ ဟူပေပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွေ့လင်းမြို့မှ ဟူပေပြည်နယ် ဝူဟန်မြို့သို့ ရောက်ရှိကြရာ လေဆိပ်တွင် ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Chunming နှင့် ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြကာ ခေတ္တတည်းခိုမည့် Shangri-La Hotel သို့ရောက်ရှိကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဝူဟန်မြို့ Dongfeng Peugeot Citroen Automobile Co., Ltd. ၏ မော်တော်ယာဉ်ငယ်များအား စက်ပစ္စည်း တပ်ဆင်နေမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၆-၁၁-၂၀၀၆
(တနလ်ာနေ့)

မြန်မာ-တရုတ် ချစ်ကြည်မှု တိုးတက်
နယ်စပ်ဒေသ အေးချမ်းသာယာရေး ပူးပေါင်းဆောင်ရွက်

မြန်မာ-တရုတ် နှစ်နိုင်ငံတို့သည် တောတောင်ရေမြေချင်းဆက်စပ်လျက်ရှိပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကူးလူးဆက်သွယ်၍ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အမြော်အမြင် ကြီးမားစွာ ပြုစုပျိုးထောင်လာခဲ့ကြသည့် မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုရှင်သန်ခိုင်မြဲလျက်ရှိသည်။

နှစ်နိုင်ငံအကြား ခေါင်းဆောင်ကြီးများ အပြန်အလှန် သွားလာဆက်ဆံခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတကြီးသည် ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ သမ္မတကြီးကျန်ဇီမင်းသည် ၂၀၀၁ ခုနှစ်တွင်လည်းကောင်း၊ တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် ၂၀၀၄ ခုနှစ်တွင်လည်းကောင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးများ လာရောက်လည်ပတ်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ ခရီးစဉ်အတွင်း အောက်တိုဘာလ ၃၁ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံ နယ်စပ်ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ တိုးတက်လျက်ရှိသည်။ မေလအတွင်းက နှစ်နိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး တရုတ်နိုင်ငံက မူးယစ်ဆေးဝါး အစားထိုးလုပ်ငန်း အထောက်အကူအဖြစ် ဆန်တန်ချိန်တစ်သောင်း ထောက်ပံ့ခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ပူးပေါင်းပြီး နယ်စပ်ဒေသ စီမံခန့်ခွဲရေးများ ပိုမိုကောင်းမွန်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများ တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေး အကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေး အကူအညီများသာမက နိုင်ငံတကာနယ်ပယ်တွင်ပါ အိမ်နီးချင်း မိတ်ဆွေပီသစွာ ရပ်တည်ဆက်ဆံလျက်ရှိရာ မြန်မာ-တရုတ် နှစ်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဏ္ဍိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ မိဘနှစ်ပါး၊ အစ်ကို ဦးမိုးနှင့်ခင်ပွန်းဖြစ်သူ ရဲမှူးကြီးဗထူး (ရဲသူရိန်) (၇) နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ ကိုးမိုင် မရမ်းကုန်းမြို့နယ် ဗိုလ်ဉာဏလမ်းနေ ဒေါ်မြဆွေမိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်အဂ္ဂ(မဂဓ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-ကိုရီးယား သစ်တောရေးရာ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီ စတုတ္ထအကြိမ် အစည်းအဝေး တက်ရောက်ရန် ရောက်ရှိလာသော ကိုရီးယား သမ္မတနိုင်ငံ Korea Forest နှင့် ပြည်သူ့ဆက်ဆံရေး ဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် Mr.Nam Sung-Hyun နှင့်အဖွဲ့ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား လာရောက် တွေ့ဆုံစဉ်။
(သစ်တောရေးရာ)

မြန်မာ-ကိုရီးယားသစ်တောရေးရာ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

မြန်မာ-ကိုရီးယား သစ်တောရေးရာ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီ Myanmar-Korea Forestry Co-operative Committee ၏ စတုတ္ထအကြိမ် အစည်းအဝေးကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး တက်ရောက်ရန် ရောက်ရှိလာသော ကိုရီးယားသမ္မတနိုင်ငံ Korea Forest Service စီမံကိန်းနှင့် ပြည်သူ့ဆက်ဆံရေး ဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် Mr.Nam Sung-Hyun ဦးဆောင်သော အဖွဲ့ဝင်ငါးဦးသည် ရှေးဦးစွာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တွေ့ဆုံ နှုတ်ဆက်သည်။

ဆက်လက်ပြီး သစ်တောရေးရာ ဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ ပါဝင်သော မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် ကိုရီးယားအဖွဲ့တို့သည် သစ်တောဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဖလှယ်ရေးကိစ္စရပ်များ၊ မြန်မာ့သစ်အခြေခံ စက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု အလားအလာဆိုင်ရာ ကိစ္စရပ်များနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ကိစ္စရပ်များ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ထို့နောက် ဆွေးနွေးချက်မှတ်တမ်းကိုနှစ်ဖက်ညွှန်ကြားရေးမှူးချုပ်များကလက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တရုတ်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Heavy Machinery Corporationမှ President Mr. Lu Wenjunနှင့်အဖွဲ့အား နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံရာ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ပင်လုံရိပ်မွန်မှ မိခင်ကြီး ဒေါ်စောကြည်(၇၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ် ၃၀၀၀၀၀ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

အထက(၄) အလုံ ကျောင်းသားဟောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၅

အထက(၄) အလုံ (ယခင် ဘက်ပ်တစ်၊ ကူရှင်၊ ယူနီယံ၊ ယူနိုက်တက်) ကျောင်းမှ အသက်(၆၀)နှင့်အထက် ဆရာ၊ ဆရာမများကြီးအား အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၁၄ရက် (အမျိုးသားနေ့)နံနက် ၁၀ နာရီ၌ အ-ထ-က(၄) အလုံ၊ ပင်လုံခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသူကျောင်းသားဟောင်းများလာရောက် ဂါရဝပြုကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများကို အ-ထ-က(၄) အလုံကျောင်းရုံးခန်းရှိ ဆရာမဒေါ်ကြည်ကြည်ညွှန့် ဖုန်း-၂၂၁၄၀၆ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗဟိုအမျိုးသမီး အထက်တန်းကျောင်း(မရမ်းခြံ) အထက(၁) ကမာရွတ် ကျောင်းသူဟောင်းများ၏(၁၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၇ ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ အပူဇော်ခံ ဆရာ၊ ဆရာမကြီးများကို တပည့် ကျောင်းသူဟောင်းများက ပူဇော် ကန်တော့ကြစဉ်။ (က-ပ)

မီးဘေးရှောင် မလောင်ခင်တား

ပြည်ထောင်စုကြီးကို ချစ်မြတ်နိုး နိုင်ငံတော်နှင့်ပြည်သူ့အကျိုး ထာဝစဉ် သယ်ပိုး

ကြည်ဝင်းညွှန့်

ဖွင့်လှစ်

နေပြည်တော် သပြေကုန်း အဝိုင်းကြီးအနီး၌ ပြည်ထောင်စုကြီးခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို အောက်တိုဘာ ၂၇ရက်က ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ဖြင့် ပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ နှစ်ပေါင်းများစွာ၊ ခေတ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ကြသည့် အတွေ့အကြုံများအရ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် အမှန်တကယ်လိုအပ်ချက်ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်ရာသက်ပန် စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲနေထိုင်သမျှကာလ ပတ်လုံး ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ ခိုင်မြဲနေမည်၊ ဖွံ့ဖြိုးတိုးတက်သာယာနေမည်ဖြစ်ပေသည်။

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသား ပြည်သူတစ်ရပ်လုံးက တညီတညွတ်တည်း ယုံကြည်လက်ခံရမည့် မွန်မြတ်သော ပန်းတိုင်ဖြစ်သည်။

နိုင်ငံတည်ဆောက်ရေးတွင် အေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဓိကလိုအပ်ချက်များဖြစ်သည်။ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအား စသည့်အခြေခံစွမ်းအား တောင့်တင်းမှုများဖြင့်သာ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ထူထောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပါဝင်လာစေရန် ဦးဆောင်စည်းရုံးသွားနိုင်ရေးအတွက် ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည်။ အနာဂတ်အတွက် မျိုးဆက်သစ်များဖြစ်ကြသည့် လူငယ်လူရွယ်များ၏ ထက်မြက်သည့်စွမ်းပကားကို အမျိုးသားရေး အကျိုးစီးပွားအတွက် အမျိုးသားရေးအင်အားစုကြီးအဖြစ် တည်ဆောက်၍ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့သည်။

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)ကျင်းပချိန်အထိ ပြည်နယ်/တိုင်း အဆင့်ဆင့် အသင်းပေါင်း ၁၇ သင်း၊ ခရိုင်အဆင့် အသင်းပေါင်း ၆၅ သင်း၊ မြို့နယ် အဆင့် အသင်းပေါင်း ၃၂၀၊ ရပ်ကွက်၊ ကျေးရွာအဆင့် အသင်းပေါင်း ၁၅၃၀၈ သင်း ဖွဲ့စည်းနိုင်ခဲ့ပြီး အသင်းဝင်အဖြစ် အသိအမှတ်ပြုပြီးသူ ၂၃ သန်းနီးပါးရှိနေပြီဖြစ်သည်။

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းခဲ့သည့် ၁၃ နှစ်တာ ကာလအတွင်း အသင်းဝင်များအနေဖြင့် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်ယှဉ်၍ စည်းရုံးရေး အတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်ရေး အတွေ့အကြုံများ ရရှိခဲ့ပြီးဖြစ်သည်။ အသင်းကြီး ရင့်ကျက်ခိုင်မာစွာ ရပ်တည်လျက်ရှိသကဲ့သို့ အသင်းဝင်များလည်း အရေအတွက်နှင့် အရည်အသွေးပါ မြင့်မားတိုးတက်လာနေပြီဖြစ်သည်။

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အသင်းဝင်များ လိုက်နာထမ်းဆောင်ရမည့် လုပ်ငန်းလမ်းညွှန်များနှင့်စပ်လျဉ်း၍ **"အမျိုးသားရေးတာဝန်ကို ဆောင်ရွက်မယ့် နိုင်ငံ့သားကောင်းများပီပီ ဒို့တာဝန်အရေးသုံးပါးကို မမှိတ်မသုန်ခံယူပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်ကြပါ။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပိုမိုခိုင်မြဲအောင် အားထုတ်ကြိုးပမ်း ကာကွယ်စောင့်ရှောက်ကြပါ။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားတဲ့ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ တည်ဆောက်သွားကြပါ"**ဟူ၍ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅) စတုတ္ထနေ့တွင် ဩဝါဒစကား မြွက်ကြားခဲ့သည်။

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အသင်းအဆင့်ဆင့်၏ အမှုဆောင်များနှင့် အသင်းဝင်များ အရည်အချင်းပြည့်မီရေး၊ မြန်မာ့ရေးရာနှင့် နိုင်ငံတကာရေးရာ အခြေအနေများ မျက်ခြည်မပြတ် သိရှိနိုင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် တိုးပွားခိုင်မာစေရေး၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အတတ်ပညာများ ရရှိရေးတို့အတွက် သင်တန်းများဖွင့်လှစ်၍ ပျိုးထောင်သင်ကြားပေးလျက်ရှိရာ အသိအမြင် ဗဟုသုတများ ရှင်သန်တိုးပွားလျက်ရှိသည်။

အဆိုပါ သင်တန်းများဖွင့်လှစ်ပို့ချပေးမှုကြောင့် အသင်းဝင်များအနေဖြင့် ပြည်ထောင်စုကြီး၏ တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း၏ တန်ဖိုး၊ အချုပ်အခြာအာဏာ၏ တန်ဖိုးတို့ကို သိရှိကာ မြန်မာ့လူ့အဖွဲ့အစည်းကို ပိုမိုမြတ်နိုးတန်ဖိုးထားလာကြသည်။

ယင်းသို့ အသင်းဝင်လူငယ်များအကြား နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး အသိအမြင်များနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး ခံယူချက်များ ပြည့်ဝလာခြင်းသည် နိုင်ငံသားတစ်ယောက်တွင် ရှိအပ်သည့် အမျိုးသားရေးတာဝန် အသိစိတ်ဓာတ်ရရှိလာခြင်းဖြစ်ပေသည်။

အမျိုးသားရေးတာဝန်အသိစိတ်ဓာတ်သည် နိုင်ငံသားတိုင်းတွင် ကိန်းအောင်းနေရမည့် မွန်မြတ်သောစိတ်ဓာတ်ပင်ဖြစ်သည်။ အမျိုးသားရေး တာဝန်အသိစိတ်ဓာတ်နှင့် ကာယ၊ ဉာဏ အရည်အသွေး၊ အရည်အချင်း ပြည့်စုံသည့် နိုင်ငံသူ၊နိုင်ငံသားများကသာ နိုင်ငံတော်ကိုလုံခြုံစွာ ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်နှင့် အသင်းဝင်များအနေဖြင့် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို မမှိတ်မသုန်ခံယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စွမ်းအားတောင့်တင်းမှုများနှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရင်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုးထမ်းရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မွေဒူတ အရှင်ဆေကိန္ဒ တရားပွဲ

ရန်ကုန် နိုဝင်ဘာ ၅

သီရိမဂ်လာ ကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့် အသင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၄)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၄ ရက် (စနေနေ့) မှစတင်၍ နိုဝင်ဘာ ၈ ရက် (ဗုဒ္ဓဟူးနေ့) အထိကျင်းပနေသည်။ပဋ္ဌာန်းသိမ်းအောင်ပွဲအဖြစ် နိုဝင်ဘာ ၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် မွေဒူတ အရှင်ဆေကိန္ဒက နိဗ္ဗာန်ရောက်ကြောင်း တရားတော် ဟောကြားမည် ဖြစ်သည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ဇနီးဒေါ်အိအိဝင်းအား ရည်စူး၍ ဦးညွှန့်တင် (Fuji TV , Bangkok Bureau) မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အကက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၀ ၄။ ရင်မှာစွဲလန်း တော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၉။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၀။ မိုးလေဝသသတင်း
- ၆း၃၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၇၁)**
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မေးမြန်းစူးစမ်း
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (အပိုင်း-၂၁)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

နိုင်ငံတကာ ပန်းမန်စိုက်ပျိုးရေး အတတ်ပညာဆိုင်ရာပြပွဲ ထိုင်း၌ ကျင်းပ

ချင်းမိုင်(ထိုင်း) နိုဝင်ဘာ ၄

နိုင်ငံတကာ ပန်းမန်စိုက်ပျိုးမှု အတတ်ပညာဆိုင်ရာပြပွဲကို ထိုင်းနိုင်ငံ မြောက်ပိုင်း ချင်းမိုင်မြို့တွင် နိုဝင်ဘာ ၁ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အဆိုပါ ပြပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ၃၁ ရက်ထိ သုံးလကြာ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

ထိုပြပွဲကို နိုင်ငံတကာ ပန်းမန်စိုက်ပျိုးမှု အတတ်ပညာဆိုင်ရာ ထုတ်ကုန်အဖွဲ့ (အေအိုင်အိပ်ချ်ပီ)က အသိအမှတ်ပြုထားသည်။ ယင်းပြပွဲသို့ ကမ္ဘာတစ်ဝန်းမှဧည့်သည်နှစ်သန်းကျော် လာရောက်ရန်လည်း မျှော်လင့်ထားသည်။ ဤပြပွဲကဲ့သို့သော ပွဲမျိုးကို သွားရောက်ရန်အတွက် သာမန်အားဖြင့် ထိုင်းပြည်သူများ စိတ်မဝင်စားကြသော်လည်း ယခုအခါ ကြိုတင်စာရင်း ပေးထားသူ ၇၀၀၀၀၀ ကျော် အနက် အများစုမှာ ထိုင်းပြည်သူများ ပါဝင်နေကြောင်း ပြပွဲဖြစ်မြောက်ရေး စီမံသူ ဝန်ထမ်းတစ်ဦးက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ ပြပွဲပြုလုပ်ခြင်းဖြင့် နိုင်ငံတကာ ပန်းမန်စိုက်ပျိုးမှု နည်းပညာများ လဲလှယ်ရေး အစီအစဉ် ကျယ်ပြန့်လာပြီး စည်းကမ်းဘောင် အတွင်းမှ ထောက်ပံ့ပေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ အသိပညာဆိုင်ရာ လိုအပ်မှုများကိုလည်း ပံ့ပိုးကူညီနိုင်မည့်အပြင် နိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းတို့ကို မြှင့်တင် နိုင်မည်ဖြစ်ကြောင်း ပြပွဲဖွင့်ပွဲတွင် ထိုင်းဝန်ကြီးချုပ် ဆူရာယုဒ်ချူလာနွန်က ပြောကြားသည်။

ချင်းမိုင်မြို့စွန်ရှိ မာဟီယာခရိုင်ခွဲ ရိုင်ယလ်စိုက်ပျိုးရေး သုတေသနဌာနရှိ မြေဟက်တာ ၈၀ တွင် အဆိုပါ ပန်းမန်ပြပွဲကို ခင်းကျင်းပြသထားသည်။ ၉၂ ရက်ကြာ ကျင်းပသော ပန်းမန်ပြပွဲတွင် ပန်းနှင့် အပူပိုင်းသစ်ပင်မျိုးစိတ် ၂၅၀၀၀၀၀ တို့ကို ပြသထားမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ပြုလုပ်သော နိုင်ငံတကာ ပန်းမန်စိုက်ပျိုးရေးပြပွဲ ဖွင့်ပွဲတွင် ဖျော်ဖြေနေသူများကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ နယ်စပ်ဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ရန်အတွက် နှစ်ဖက်တပ်ဖွဲ့ဝင်များ တွေ့ဆုံနေကြသည်ကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးကိစ္စများ၌ ဆီးရီးယားကို ကူညီရန် အသင့်ရှိကြောင်း အီရန်ပြောကြား

ဒမတ်စကတ် နိုဝင်ဘာ ၄

ဆီးရီးယားနိုင်ငံက လိုအပ်လျက်ရှိသော လုံခြုံရေးဆိုင်ရာ လုပ်ငန်းသုံးနည်းပညာများကို ထောက်ပံ့ပေးရန် အီရန် နိုင်ငံအနေဖြင့် အသင့်ရှိနေကြောင်း ဆီးရီးယားသို့ ရောက်ရှိနေသော အီရန်လုံခြုံရေးအရာရှိက ပြောကြားကြောင်း ဆာနာသတင်းဌာနက ဖော်ပြသည်။

ဆီးရီးယား ပြည်ထဲရေးဝန်ကြီး ဘာဆယ်အဗွဒယ်လ်မာဂျစ်သည် အီရန်ပြည်တွင်း လုံခြုံရေးတပ်များ၏ အကြီးအကဲ အစွမေးလ်အာမာဒီ မာကာဒမ်ကိုလက်ခံတွေ့ဆုံပြီး ဆွေးနွေးခဲ့သည်။

၎င်းတို့နှစ်ဦး ဆွေးနွေးစဉ်အတွင်း ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ အတွေ့အကြုံဖလှယ်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တရားခံများ လဲလှယ်ရေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်ဟု ဆာနာသတင်းဌာနက ဖော်ပြသည်။

ပြည်တွင်းလုံခြုံရေးအရာရှိများ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆောင်ရွက်ရန် လိုအပ်ပုံ၊ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ရေးကိစ္စများ အရေးကြီးပုံကို မာကာဒမ်ကဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ခြင်းသည် ဆီးရီးယားနှင့် အီရန်တို့အကြား နက်ရှိုင်းသော မိတ်ဆွေရင်းချာ ဆက်ဆံမှုကို ဖော်ပြနေခြင်း ပင်ဖြစ်သည်ဟု မာဂျစ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တွင် ဟိုတယ်မီးလောင် ခြောက်ဦး သေဆုံး

ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန်နိုင်ငံ အနောက်ပိုင်း နီဗာဒါပြည်နယ် ရီနိုမြို့ရှိ မစ်ဇ်ဟိုတယ်၌ အောက်တိုဘာ ၃၁ ရက် ညသန်းခေါင်က မီးလောင်မှုဖြစ်ပွားရာ လူခြောက်ဦး သေဆုံးကြောင်း၊ မီးရှို့ခဲ့သူဟု မသက်ာသူ အမျိုးသမီးတစ်ဦးကို နိုဝင်ဘာ ၁ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း သတင်းဌာနက ထုတ်ပြန်သည်။

ဗာလီရီမိုရီဆိုသူ အမျိုးသမီးမှာ ၎င်းတည်းခိုနေသော ဟိုတယ်အခန်းတွင်းရှိ မွေ့ရာကို မီးရှို့ခဲ့ကြောင်း၊ ၎င်းရှို့ခဲ့သော မီးကြောင့် အဆောက်အအုံကို မီးစွဲလောင်မှု ဖြစ်ပွားရာ လူခြောက်ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၃၀ ခန့်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါအမျိုးသမီးက မီးရှို့ခဲ့ရသည့် အကြောင်းရင်းကို ဖော်ထုတ်နိုင်ရန် ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဆက်လက်ကြိုးစားဆဲဖြစ်သည်။ ရီနိုမြို့တွင် ၁၉၆၂ ခုနှစ်နောက်ပိုင်း ယခု မီးလောင်မှုသည် လူသေဆုံးသူ အများဆုံး ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားလေဆိပ်များ၌ မီးခိုးမြူများ ထူထပ်စွာကျရောက်

ဂျကာတာ နိုဝင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင် ကျွမ်းမှုဖြစ်ပွားရာ ကလီမန်တန် အရှေ့ဘက်ရှိ လေဆိပ်များတွင် မီးခိုးမြူများ ထူထပ်စွာ ကျရောက်နေကြောင်း၊ ယင်းအခြေအနေကြောင့် လေကြောင်းခရီးစဉ်ကို ရပ်ဆိုင်းထားရကြောင်း သို့မဟုတ် ကြန့်ကြာစေခဲ့ကြောင်း အရာရှိတစ်ဦးက အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အောက်တိုဘာ ၃၁ ရက်၌ ဘူလန်ဂန်ပြည်နယ်ရှိ အဂါတစ်လေဆိပ်၊ တာရာကန်ပြည်နယ်ရှိ ဂျူတာလေဆိပ်နှင့် ကလီမာရူလေဆိပ်ကဲ့သို့ပင် ကလီမန်တန် အရှေ့ဘက်ရှိ လေဆိပ်အသီးသီး၌ မီးခိုးမြူများ ထူထပ်စွာအုံ့ဆိုင်းနေကြောင်း မိုးလေဝသနှင့် ဘူမိရူပဗေဒဌာန တာဝန်ရှိသူယူစ်မန်က တီမန်ဒေါင် လေဆိပ်၌ ပြောကြားသည်ကို အန်တာရာ သတင်းဌာနက ကိုးကားဖော်ပြသည်။

ယင်း အဖြစ်အပျက်များကြောင့် ကလီမန်တန်ပြည်နယ် အရှေ့ဘက်ရှိ ဒေသများတွင် နောက်သုံးလကြာသည် အထိ မိုးခေါင်မှုဒဏ်ကို ကြုံတွေ့ရဖွယ် အလားအလာရှိကြောင်း၊ ယင်းသို့ ဖြစ်ရခြင်းမှာ အယ်လ်နီညိုရာသီ ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီဒူးလ်ဖီထရီ ပွဲတော်တွင် ရက်အနည်းငယ် မိုးရွာသွန်းမှု ဖြစ်ပေါ်ခဲ့ရာ မီးခိုးမြူများ လျော့ပါးလာကြောင်း၊ သို့ရာတွင် မိုးရွာသွန်းပြီးနောက် တောမီးဆက်လက် လောင်ကျွမ်းနေပြီး မီးခိုးမြူများ ဆက်လက်ထွက်ပေါ်နေကြောင်း ထပ်လောင်းပြောကြားသည်။

ပစိဖိတ်သမုဒ္ဒရာ၏ အပူချိန်သည် သာမန်အားဖြင့် ပျမ်းမျှ ၂၉ဒီဂရီ ဆဲလ်စီးယပ်ရှိရာမှ တစ်ဒီဂရီ ဆဲလ်စီးယပ်ခန့် မြင့်တက်လာကြောင်း၊ ထိုသို့ ပင်လယ်ပြင် အပူချိန် မြင့်တက်လာမှုကြောင့် ကလီမန်တန် အရှေ့ဘက်ရှိဒေသတွင် မိုးခေါင်မှုကို ကြာညောင်းစေကြောင်း သိရသည်။

ထိုသို့ မီးခိုးမြူထူထပ်အုံ့ဆိုင်းမှုကြောင့် စီးပွားရေးအရ အမေရိကန်ဒေါ်လာ ကိုးဘီလီယံခန့်ဆုံးရှုံးမှု ဖြစ်ပေါ်စေခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် ပြသထားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပြကွက်တစ်ခုကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မြစ်ကျဉ်းသုံးသွယ် ရေကာတာစီမံကိန်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေ

ယီချန် (ဟူဘေးပြည်နယ်) နိုဝင်ဘာ ၄

ကမ္ဘာပေါ်တွင် အကြီးဆုံး ရေအားလျှပ်စစ်လုပ်ငန်းတစ်ခုဖြစ်သော တရုတ်နိုင်ငံ မြစ်ကျဉ်းသုံးသွယ် ရေကာတာစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေပြီဖြစ်ကြောင်း စစ်ဆေးရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကို တရုတ်နိုင်ငံအလယ်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းရှိ ပြည်နယ် ၁၅ ပြည်နယ်သို့ ပေးပို့လျက်ရှိကြောင်း၊ ယင်းဒေသများ၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း တရုတ်နိုင်ငံ မြစ်ကျဉ်းသုံးသွယ် ရေကာတာစီမံကိန်း ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ဖွင့်လှစ်

ရေအားလျှပ်စစ်စက်ရုံ၏ ပထမဆုံးသော ဓာတ်အားပေးယူနစ်ကို ၂၀၀၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ယခုအခါတွင်မူ အကြီးစား တာဘိုင်ဓာတ်အားပေးစက် ၁၄ လုံးဖြင့် စွမ်းအားပြည့်လည်ပတ်လျက်ရှိသည်။

စတင်

အဆိုပါ စီမံကိန်းကို ၁၉၉၃ခုနှစ်တွင် စတင်ခဲ့ကြောင်း၊ စီမံကိန်းကုန်ကျစရိတ်မှာ ယွမ် ဘီလီယံ ၁၈၀ ရှိမည်ဟု ခန့်မှန်းကြောင်း၊ တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်သော ယန်စီမြစ်အလယ်ပိုင်းရှိ မြစ်ကျဉ်းသုံးသွယ် စီမံကိန်းသည် ကီလိုဝပ် ၁၈ ဒသမ ၂ သန်း ထုတ်လုပ်နိုင်သော ဂျင်နရေတာစက် ၂၆လုံးဖြင့် နှစ်စဉ် ဓာတ်အား ကီလိုဝပ်နာရီ ၈၄ ဒသမ ၈၇ ဘီလီယံအထိ ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်။

တည်ဆောက်လျက်ရှိသော ဂျင်နရေတာစက် ၁၂လုံးရှိကြောင်း၊ ၂၀၀၈ခုနှစ်တွင် စီမံကိန်းလုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၃၁ရက် နံနက် ပိုင်းတွင် မူဆယ်မြို့၊ ရွှေလိုရာနာဇည်ရိပ်သာအစည်းအဝေးခန်းမ၌ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်ပြည်ထောင်စုကြိုဆိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအား ထွေ့ဆုံအမှာစကားပြောကြားသည်။

ရှေးဦးစွာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဌာနဆိုင်ရာများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပိုင်းဝန်းကြီးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ အထူးသီးနှံဖြစ်သည့် ခြစ်ညဲ့ရိုး ကြက်ဆူပင်ကို အောင်မြင်အောင် ကြီးပမ်းစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်းစိုက်ရိုးစိုက်ပြီး ပြုစုပျိုးထောင်မှမရှိလျှင် ရှင်သန်ဖြစ်ထွန်းမှုရှိမည်မဟုတ်ကြောင်း။

မူဆယ်ခရိုင်တွင် လယ်ယာသုံးစက်ကိရိယာသုံးစွဲမှု ၇၀ရာခိုင်နှုန်းခန့်ရှိသည်ဖြစ်ရာ လာမည့်မိုးရာသီ စိုက်ပျိုးရေးအတွက် လိုအပ်သော စက်သုံးဆီ၏ ၄၀ရာခိုင်နှုန်းမှ ၆၀ရာခိုင်နှုန်းကို ခြစ်ညဲ့ရိုးကြက်ဆူပင်စိုက်ပျိုးရေးမှ ဖြည့်ဆည်းပေးနိုင်ရေး ကြီးစားကြစေလိုကြောင်း၊ လက်ဖက်နှင့် ကြေတို့ကိုလည်း တိုးချဲ့စိုက်ပျိုးကြရန် နှင့် လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့က ပိုင်းဝန်းပုံပိုးဖြည့်ဆည်းပေးကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ၁၀၅မိုင် နယ်စပ် ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ ရောက်ရှိကြပြီး သွင်းကုန်စစ်ဆေးရေးဌာန၊ Customs Department No.4 X-Ray Scanning Unit (MUSE) ဌာနတို့သို့ ကြည့်ရှုစစ်ဆေးရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကျော်က လိုက်လဲရှင်းလင်းပြသ သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သွင်းကုန်ဌာနရှိ အစည်းအဝေးခန်းမ၌ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများအားတွေ့ဆုံရာ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကျော်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုအခါ နိုင်ငံတော်၏ စီးပွားရေးကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိရာ တစ်နေ့ရာတည်းတွင် အလုပ်ပြီးသောစနစ် (One Stop Service)ဖြင့် ဆောင်ရွက်လျက်ရှိသော ပုံမှန်ကုန်သွယ်မှု Normal Trade နှင့် နယ်စပ်ကုန်သွယ်မှု (Border Trade) တို့သည် ကုန်သွယ်မှု ကဏ္ဍာတွင် များစွာအရေးပါကြောင်း။

တိုင်းရင်းသားကုန်သည်များ မိမိကုန်ပစ္စည်းများကို စိတ်ကြိုက်ဈေးနှုန်းဖြင့် တင်ပို့ ရောင်းချနိုင်ရေးအတွက် ဌာနဆိုင်ရာများက သတ်မှတ်ထားသော မူဝါဒ စည်းမျဉ်းစည်းကမ်း များနှင့်အညီ စေတနာထားကာ တတ်နိုင်သည်ဘက်မှ ပံ့ပိုးကူညီပေးကြရမည် ဖြစ်ကြောင်း။

ယခင်က ကုန်ပစ္စည်းအချို့ကို ဒေသပေါက်ဈေးထက်လျှော့ပြီး ဈေးနှိမ်တင်ပို့ရောင်းချရမှုမျိုး ရှိခဲ့ကြောင်း၊ ယင်းကဲ့သို့ မဖြစ်ပေါ်စေရန် ယခုအခါ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ပွဲရုံများ၊ ကုန်စည်ဒိုင်များ ဖွင့်လှစ်ပေးထားပြီး ပို့ကုန်လိုင်စင်ကိုလည်း တစ်ပါတည်း လက်ခံဆောင်ရွက်ပေး၍ ပို့ကုန်ပစ္စည်းများကိုလည်း ပွဲရုံ၊ ကုန်စည်ဒိုင်များတွင် စုစည်းထားရိုးကာ တိုင်းရင်းသားကုန်သည်များ စိတ်ကြိုက်ဈေးနှုန်းဖြင့် ရောင်းချနိုင်အောင် နိုင်ငံတော်က စနစ်တကျ စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ကုန်စည်ရောင်းဝယ်ဖောက်ကားမှလည်း အထိုက်အလျောက် ပိုမိုတိုးတက် မြင့်မားလာပြီဖြစ်ကြောင်း။

ကုန်ပစ္စည်း ဈေးနှုန်းများကို (Internet)မှ ရယူစုစည်းကာ အချိန်နှင့်တစ်ပြေးညီ တိုင်းရင်းသားကုန်သည်များ သိရှိအောင် ဌာနဆိုင်ရာများက တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

တိုင်းရင်းသားကုန်သည်များ အနေဖြင့် နိုင်ငံတော်အကျိုးကို ရှေးရှုပြီး ဖြတ်လမ်းနည်းဖြင့် မမှန်မကန် ဆောင်ရွက်မှုမျိုး မရှိရေးနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကဏ္ဍ တိုးတက်မြင့်မားလာရေးအတွက် ပိုင်းဝန်းကြီးပမ်း ဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ ကွတ်ခိုင်ဖြို့နယ်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်ဇည်စန်းမ၌ ဖြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကွတ်ခိုင်ဖြို့နယ် ပြည်ထောင်စုကြိုဆိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်–လားရှီးလမ်း တစ်လျှောက် ၀/ယာတွင် အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများ၊ ခြစ်ညဲ့ရိုး ကြက်ဆူပင်များနှင့် လမ်းပိုင်းအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှီးဖြို့နယ် မန်မော်ဒေသရှိ ဘိန်းအစားထိုး သီးနှံမျိုးစေ့ထုတ်ပြောင်း၊ ကြဲ၊ နေကြာ၊ ပဲစင်းငုံ စိုက်ပျိုးရေးနှင့် ပျားမွေးမြူရေး ဧက ၅၀၀ ခန်းပြုပြုသန့်ရှင်းသို့ ရောက်ရှိကြပြီး စင်များပေါ်တွင် နေလုန်းထားသောအစေ့ထုတ်ပြောင်း အဖိုမျိုးသန့်၊ အမှုးနှင့် အမ မျိုးသန့်မျိုးစေ့များကို လည်းကောင်း၊ ခြစ်ညဲ့ရိုးကြက်ဆူဓီဝယ်ဖြင့် ပြောင်းမျိုးစေ့အရွယ်အစား ရွေးစက်၊ ပြောင်းခြေစက်၊ ပြောင်းမျိုးစေ့ဆေးထိုးစက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ပြောင်းမျိုးစေ့များ သိုလှောင်ရုံအတွင်း သိုလှောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်တို့က လိုက်လဲရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မန်မော်ဒေသရှိ တစ်ဧက တန် ၅၀ထွက် မျိုးကောင်းမျိုးသန့် အထူးအထွက်ကောင်း ကြီးမျိုးသန့်မျိုးဗွား စံပြဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြပြီး ကြားဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကိုလည်းကောင်း၊ အထူးအထွက်ကောင်း ကြပေါများ ခုတ်သိမ်းပြီး မော်တော်ယာဉ်များပေါ် တင်ဆောင်နေမှုကိုလည်းကောင်း အားပေးကြည့်ရှုစစ်ဆေးရာတိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွင့်နှင့် တာဝန်ရှိသူများက လိုက်လဲရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ ခြစ်ညဲ့ရိုးကြက်ဆူပင် တစ်သိန်း၀ါ၊ သောင်းပျိုးဥယျာဉ်၊ ခြစ်ညဲ့ရိုးကြက်ဆူပင်များ၊ လိမ္မော်၊ နာနတ်ပင် သီးညှပ်စံပြဧက ၁၀၀ စိုက်ခင်းတို့ကိုလည်းကောင်း၊ ခြစ်ညဲ့ရိုးကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေကိုလည်းကောင်း စိုက်ပျိုးရေးမျှော်စင်မှ ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ခြစ်ညဲ့ရိုးကြက်ဆူပင် ဓီဝဒီဇယ်ဆီထုတ်စက်ရုံမှ ဓီဝဒီဇယ်ဆီထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း၊ ဓီဝဒီဇယ်ဆီဖြင့် မော်တော်ယာဉ် မောင်းနှင်ပြသမှုကိုလည်းကောင်း၊ မိသားစုရေသန့်စက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်ကိုလည်းကောင်း၊ ဓီဝဒီဇယ်ဆီဖြင့် မော်တော်ယာဉ် မောင်းနှင်ပြသမှုကိုလည်းကောင်း၊ မိသားစုရေသန့်စက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်ကို လိုက်လဲရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ လားရှီးဖြို့တွင် ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အလိုတော်ပြည့်ဘုရား အဓိဋ္ဌာန်ပြုဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

ပြည်တွင်းပြည်ပသာသနာပြုအလိုတော်ပြည့်ဆရာတော်ကြီးဘဒ္ဒန္တ အရိယဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ဓ ဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးစီးကျင်းပမည့် ပုဂံညောင်ဦး အလိုတော်ပြည့်ဘုရား အဓိဋ္ဌာန်ပြု ဗုဒ္ဓပူဇနီယပွဲတော်ကို (၁၃၆၈ ခုနှစ် နတ်တော်လပြည့်)၊ ဒီဇင်ဘာ ၄ရက် (တနလာနေ့) နံနက် ၉နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ရန်ကုန်မြို့မှ လိုက်ပါလိုသော ဓမ္မမိတ်ဆွေများအား သွားလာမှုအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များစီစဉ်ထားရာ အမှတ်(၁၀၂) ပြည်လမ်းမကြီး (၁၀)မိုင်ကုန်းရှိ ဦးစံအောင်ကျော်–ခေါ်မနီ ဖုန်း–၀၉–၅၁–၇၆၆၉၃၊ ဖုန်း–၆၆၆၉၃၅ ထံတွင် ယာဉ်စီးလက်မှတ်များကို ကြိုတင်မှာယူနိုင်ကြပြီး ဒီဇင်ဘာ ၁ ရက်(သောကြာနေ့) ညနေ ၆ နာရီတွင် စတင်ထွက်ခွာမည်ဟု သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁၁-၂၀၀၆ (တနလာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ၊ယနေ့အစီအစဉ်
၇:၀၅	လမ်းညွှန်ကာသတင်းကောင်းပေးသင့်ကျန်းမာရေး
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာသက်နှင်းဆွေ (ပုဗ္ဗာ)နှင့်တွေ့ဆုံခြင်း]
၇:၅၀	တေးဂီတအစီအစဉ်
၇:၅၅	အဏုဓီဝတွင်းထွက်ရတနာ
၈:၀၅	ပြည်ဝတွင်းသတင်းအကျဉ်း
၈:၁၅	Basic Computer Leaning For Beginner (Vol-5)
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၂၅	သတိတစ်ချက် တစ်သက်အမှား
	(ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလွှင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	မိုးလေဝသခန့်မှန်းချက်
၉:၄၅	အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (ခေါ်ခင်ဗြင့်ဖြင့်)
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ရွှေအဆင်းရုပ်ပုံလွှာ ရှင်းကျာ့ဆံနွယ်များဖြင့်သာ
၁၀:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	ဌေကြေယ်ပွင့်တို့၏ဖြစ်တည်မှု (တင်ဓာမော်နှင့်သူမ၏ အနုပညာခရီးလမ်း)
၁၁:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြေမိဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

နိုဝင်ဘာ ၄ ရက်က တတိယအကြိမ် အာဆီယံ–တရုတ် ကုန်စည်ပြပွဲ ၂၀၀၆ သို့ တက်ရောက်ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဗြိမ်းအောင်(ဝဲ)၊ မြန်မာအမျိုးသား ပြန်းဆောင် (Myanmar Pavilion)ဒီဇိုင်းပညာရှင် ခေါ်ခင်ဥမ္မာအောင်(လယ်) တို့ကို ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။ (ဓာတ်ပုံ–ကုန်သည်/စက်မှု)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား Beijing Vantoni Industry & Trade **ဒုတိယဥက္ကဋ္ဌ** Mr. Shou Jingsong **နှင့် အဖွဲ့ဝင်များက နန်နင်းမြို့** Wharton Int'L Hotel **၌ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ချန်းယွမ်တို့ နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး အထွေထွေသဘောတူညီချက် စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Petro China Co., Ltd **မှ ဒုတိယဥက္ကဋ္ဌ** Liao Yongyuan **နှင့် အဖွဲ့ဝင်များက နန်နင်းမြို့** Liyuan Hotel **၌ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား Yunnan Machinery & Equipment Import & Export Co., Ltd **ဥက္ကဋ္ဌ** Mr. Feng Ke **နှင့် အဖွဲ့က နန်းနင်းမြို့** Wharton Internationl Hotel **၌ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

➪ မြန်မာနိုင်ငံမှ

အထွေထွေသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ ဘဏ်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းများလည်း တက်ကြွစွာ ချဲ့ထွင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနေသကဲ့သို့ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စက်ရုံ၊ အလုပ်ရုံများ ထူထောင်ရေး လုပ်ငန်းများတွင်လည်း ပူးပေါင်း ဆောင်ရွက်နေကြကြောင်း၊ အစိုးရအချင်းချင်းဖြစ်စေ၊ ပြည်သူ အချင်းချင်းဖြစ်စေ၊ အစိုးရဌာနများနှင့် ပြည်သူများအချင်းချင်းဖြစ်စေ လုပ်ငန်းများဆောင်ရွက်ရာ၌ ဘဏ်လုပ်ငန်းများ ချောမွေ့မြန်ဆန်အောင် ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အောက်တိုဘာ ၂၉ရက် ညနေ ၃နာရီ ၁၅မိနစ် တွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)၌ Yunnan United Power Development Co., မန်နေဂျင်း ဒါရိုက်တာ မစ္စတာဟွမ်ကွမ်းမင်နှင့် အဖွဲ့ဝင်များအား လည်းကောင်း၊ ညနေ ၃နာရီ ၄၅မိနစ်တွင် China Gezhouba (Group) Corporation ဥက္ကဋ္ဌ မစ္စတာ ယန်ကျိရွှေနှင့် အဖွဲ့ဝင်များအား လည်းကောင်း လက်ခံတွေ့ဆုံသည်။

နိုင်ငံတော် ဝန်ကြီးချုပ်သည် အောက်တိုဘာ ၃၀ရက် နံနက် ၁၁နာရီခွဲတွင် Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)၌ China Power Investment Corporation ဒုတိယ ဥက္ကဋ္ဌ မဒမ် ကျန်းရှောင်လုနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

နိုင်ငံတော် ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၁ရက် နံနက် ၇နာရီခွဲတွင် Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)၌ ZTE Corporation ဥက္ကဋ္ဌ မစ္စတာ ဟုန်ဝေကွေ့နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Co., Ltd **ဥက္ကဋ္ဌ** Mr. Feng Ke **နှင့် အဖွဲ့ဝင်များက** Wharton Int'L Hotel **၌ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံပြည်သူများ၊ ကုမ္ပဏီ အဖွဲ့အစည်းများအကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှုများ၊ အရင်းအနှီးနှင့် နည်းပညာပိုင်း၌ ဆက်လက် ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကဏ္ဍစုံတွင် တိုးတက်ဖြစ်ထွန်းအောင်မြင်မှု ရရှိနေပုံများ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ၏ အနာဂတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာ အခြေအနေကောင်းများကို ဆွေးနွေးကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌက အောက်တိုဘာ ၃၁ရက် ညနေပိုင်းတွင် Liyuan Hotel ၌ လာရောက်ဂါရဝပြုတွေ့ဆုံခြင်းမပြုမီ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဖွံ့ဖြိုးရေးဘဏ်တို့အကြား နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး အထွေထွေသဘောတူညီချက် စာချုပ် လက်မှတ်ရေးထိုးပွဲကို အဆိုပါ ဟိုတယ် အစည်းအဝေးခန်းမ၌ပင် ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ တရုတ်ဖွံ့ဖြိုးရေး ဘဏ်ဥက္ကဋ္ဌ မစ္စတာ ချန်းယွမ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘောတူညီချက် စာချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ချန်းယွမ်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူညီချက် စာချုပ်ကို လဲလှယ်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China IPPR International Engineering Corporation ဒုတိယ ဥက္ကဋ္ဌ Mr. Shu Shi An သည် အောက်တိုဘာ ၃၀ရက် နံနက်ပိုင်းတွင် နန်နင်းမြို့ Wharton International Hotel သို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မန္တလေးမြို့၌ တည်ဆောက်လျက်ရှိသည့် စက်မှုလက်မှု ပညာသင်ကျောင်း ဆောက်လုပ်ရေး လုပ်ငန်းကိစ္စများနှင့် အဆိုပါကျောင်းအတွက် သင်ရိုးဇယားကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက်ဝန်ကြီးအား XJ Group Corporation ဥက္ကဋ္ဌ Mr. Wang Jinian နှင့် အဖွဲ့ဝင်များသည် အဆိုပါ ဟိုတယ်၌ပင် လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဘက်စုံသုံး ဒီဇယ်အင်ဂျင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ချိန်ထက်စောပြီး စီးရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးအား China National Machinery Import and Export Corporation ဥက္ကဋ္ဌ Mr. Tang Yi နှင့်အဖွဲ့ဝင်များသည် လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပဲခူးတိုင်းသာဂရ၌ ဟိုက်ဒရိုတာဘိုင်နှင့် ဂျင်နရေတာစက်ရုံ တည်ဆောက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးအား China CAMC Engineering Co., Ltd ဒုတိယဥက္ကဋ္ဌ Mr. Wang Bo နှင့်အဖွဲ့ဝင်များသည် လာရောက်တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ရေဒီယေတာစက်ရုံ တည်ဆောက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးအား Shaandong Shantui Construction Machinery Import & Export Co., Ltd မှ ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံကြပြီး ဘူဒိုဇာနှင့် မြေထိုးစက်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား Beijing Vantoni Industry & Trade ဒုတိယဥက္ကဋ္ဌ Mr. Shou Jingsong နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ရက် ညပိုင်းတွင် ကွေ့လင်းမြို့ Ronghu Lake Hotel သို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဘက်စုံသုံး အင်ဂျင်များကို မော်တော်ယာဉ်ကြီးများ၌ စနစ်တကျ တပ်ဆင်အသုံးပြုနိုင်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးအား Shenzhen Hubei Baofeng Industry Co., Ltd ဒါရိုက်တာ Mr. Tao Yong နှင့် အဖွဲ့ဝင်များသည် အဆိုပါ ဟိုတယ်သို့ လာရောက်တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဘီးလင်းမြို့အနီး၌ ရေဒီယေတာစက်ရုံ တည်ဆောက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် အောက်တိုဘာ ၃၁ရက် မွန်းလွဲ ၁၂နာရီခွဲတွင် နန်နင်းမြို့ Green Mountain Park ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘိုရှိလိုင် တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ အာဆီယံနိုင်ငံများမှ စီးပွားရေး ဝန်ကြီးများနှင့်အတူ တက်ရောက်ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား အောက်တိုဘာ ၂၉ရက် ညနေ ၅နာရီခွဲတွင် နန်နင်းမြို့ Wharton International Hotel ၌ နန်နင်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာကွင်ဇူမင်း၊ တရုတ်-အာဆီယံ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲအမျိုးသား (Recurve) F.I.T.A Roundအသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ရရှိသော အိန္ဒိယအသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❍ **ကျောဖုံးမှ**

အိန္ဒိယအသင်းတို့ကို လည်းကောင်း၊ အမျိုးသား(Compound) အသင်းလိုက် (Olympic Round) ရှုံးထွက် ပြိုင်ပွဲတွင်ပထမ(ရွှေတံဆိပ်)ရရှိသော မလေးရှား၊ ဒုတိယ(ငွေတံဆိပ်) ရရှိသော မြန်မာ၊ တတိယ(ကြေးတံဆိပ်) ရရှိသော ဖိလစ်ပိုင်တို့ကိုလည်းကောင်း၊ အမျိုးသား(Recurve)အသင်းလိုက်(Olympic Round) ရှုံးထွက်ပြိုင်ပွဲတွင်ပထမ(ရွှေတံဆိပ်)ရရှိသော အိန္ဒိယ၊ ဒုတိယ(ငွေတံဆိပ်) ရရှိသောမလေးရှား၊ တတိယ(ကြေးတံဆိပ်)ရရှိသော (တရုတ်-တိုင်ပေ) တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆုများချီးမြှင့်သည်။

ဆက်လက်၍အမျိုးသား(Recurve) တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်) ရရှိသော Mr.C C SIAN(မလေးရှား)၊ ဒုတိယ(ငွေတံဆိပ်)ရရှိသော Mr. C W KUO(တရုတ်-တိုင်ပေ) တတိယ(ကြေးတံဆိပ်)ရရှိသော ဇော်ဝင်းထိုက်(မြန်မာ)တို့ကို လည်းကောင်း၊အမျိုးသား(Compound) တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင်ပထမ (ရွှေတံဆိပ်) ရရှိသော Mr.E B J YAP (ဖိလစ်ပိုင်)၊ ဒုတိယ(ငွေတံဆိပ်) ရရှိသော Mr.L H KEONG (မလေးရှား)၊ တတိယ(ကြေးတံဆိပ်) ရရှိသော ရဲမင်းဆွေ(မြန်မာ)တို့ကိုလည်းကောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆုချီးမြှင့်သည်။

ယင်းနောက် အမျိုးသမီး(Compound)F.I.T.A Roundအသင်းလိုက်အမှတ်ပေးပြိုင်ပွဲ (Team Ranking)တွင် ပထမ(ရွှေတံဆိပ်)ရရှိသော အိန္ဒိယအသင်း၊ ဒုတိယ(ငွေတံဆိပ်) ရရှိသောအင်ဒိုနီးရှားအသင်းနှင့် တတိယ(ကြေးတံဆိပ်) ရရှိသော မြန်မာအသင်းတို့ကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ဆုချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီး (Recurve) F.I.T.A Round အသင်းလိုက်အမှတ်ပေးပြိုင်ပွဲ (Team Ranking) တွင် ပထမ(ရွှေတံဆိပ်)ရရှိသော (တရုတ်-တိုင်ပေ)အသင်း၊ ဒုတိယ (ငွေတံဆိပ်)ရရှိသော(အင်ဒိုနီးရှား)အသင်းနှင့် တတိယ(ကြေးတံဆိပ်)ရရှိသော အိန္ဒိယအသင်းတို့ကိုလည်းကောင်း၊ အမျိုးသမီး (Compound) အသင်းလိုက် (Olympic Round) ရှုံးထွက်ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ရရှိသော(အိန္ဒိယ)၊ ဒုတိယ(ငွေတံဆိပ်)ရရှိသော(အင်ဒိုနီးရှား)၊ တတိယ(ကြေးတံဆိပ်)ရရှိသော မြန်မာတို့ကိုလည်းကောင်း၊အမျိုးသမီး (Recurve) အသင်းလိုက် (Olympic Round)ရှုံးထွက်ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ရရှိသော တရုတ်-တိုင်ပေ၊ ဒုတိယ (ငွေတံဆိပ်)ရရှိသော အိန္ဒိယ၊ တတိယ(ကြေးတံဆိပ်) ရရှိသော ကာဇက်စတန်တို့ကိုလည်းကောင်း၊အမျိုးသမီး (Compound) တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ရရှိသော Ms.A PAZ (ဖိလစ်ပိုင်)၊ ဒုတိယ(ငွေတံဆိပ်)ရရှိသော Ms. J HANS DAH(အိန္ဒိယ)၊ တတိယ (ကြေးတံဆိပ်)ရရှိသော Ms. B C HANU(အိန္ဒိယ)တို့ကိုလည်းကောင်း ဆုချီးမြှင့်သည်။

ယင်းနောက် အမျိုးသမီး (Recurve) တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်) ရရှိသော Ms. Y H LAI (တရုတ်-တိုင်ပေ)၊ ဒုတိယ (ငွေတံဆိပ်)ရရှိသော Ms.H J WU(တရုတ်-တိုင်ပေ)၊ တတိယ (ကြေးတံဆိပ်) ရရှိသော Ms. C SWURO (အိန္ဒိယ)တို့ကို လည်းကောင်း တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးများအားအမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်၍ ပြိုင်ပွဲကြီးဖြစ်မြောက်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ကြသူများကို ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် ဒေါက်တာခင်ရွှေက ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင် စုပေါင်းမဟာဘုံကထိန်နှင့် စေတီတော်များအား ဆီမီးပူဇော်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေး (အထက်တန်း) (အခမဲ့) ကျောင်းအုပ်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရအား အမှူးထား၍ (၁၀)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ၊ စုပေါင်းကံဆင့် သိက္ခာထပ်ပွဲ၊ ပန်းတစ်ပွင့်တောင်စေတီတော်များအား ဆီမီး၊ နံ့သာ ၉၉၀၀စီ ပူဇော်ပွဲ၊ မဲဇလီဖူးသုပ်နှင့် တိုင်းရင်းဆေး စတုဒိသာကျွေးပွဲတို့ကို နိုဝင်ဘာ၄ရက် (တန်ဆောင်မုန်းလပြည့်)တွင် အဆိုပါသာသနာ့နယ်မြေ၌ကျင်းပရာ ရှေးဦးစွာ ရွှေပြည်သာ၊ သုဝဏ္ဏ၊ တိုက်ကြီးနှင့် ဖူးကြီး၊ လက်ပံတန်းစု၊ ဝါးပတော၊ အင်းဂန်၊ ရေကြည်စမ်း၊ ကျောင်းစုကျေးရွာများနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရော်ဘာစိုက်ခင်းတို့က ပဒေသာပင်များကို အတီးအမှုတ်၊ အကအခုန်များဖြင့် ပန်းတစ်ပွင့်တောင် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ထေရာဝါသမဣရိစံကျောင်း၌ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်မြို့နယ်)က စုပေါင်းကန်တော့ပွဲကိုကျင်းပရာ အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူ စိုးဝင်း)က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားပြီး အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်(တောင်တွင်း-ဘိုကြည်)ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ) တို့က လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်နှစ်အိတ်၊ ကျွန်းတံခါးတစ်ချပ်တို့ကို လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

❒ **စာမျက်နှာ ၆ မှ**

စီးပွားရေးကောင်စီ ဒုတိယအမှုဆောင် အတွင်းရေးမှူးချုပ် မစ္စတာ ဆူနင်းနင်းတို့က လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်လည်းတက်ရောက်ပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နန်နင်းမြို့ရှိ တရုတ်-အာဆီယံ နိုင်ငံတကာ စီးပွားရေးဇုန်၌ မြန်မာနိုင်ငံပါဝင်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တရုတ်-အာဆီယံ စီးပွားရေးကောင်စီ ဒုတိယအမှုဆောင် အတွင်းရေးမှူးချုပ် မစ္စတာဆူနင်းနင်းနှင့် ကုန်သည်ကြီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်တို့နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Petro China Co., Ltd.မှဒုတိယဥက္ကဋ္ဌ Liao Yongyuan နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက် ညနေ ၃နာရီခွဲတွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)သို့ လာရောက်တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် စွမ်းအင်ဆိုင်ရာကိစ္စများကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား China Huanqiu Contracting & Engineering Corporation ဥက္ကဋ္ဌ Mr. Wang Shihongသည် ညနေ ၆နာရီ ၁၀မိနစ်တွင်နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)သို့ လာရောက်တွေ့ဆုံပြီး ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေး၊ ပေနက်တွင်းတူးစက် ဝယ်ယူရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့အတူ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား China National Oilfield Development Corporation ဒုတိယဥက္ကဋ္ဌ Mr. Song Yi Wu သည် ည ၇ နာရီတွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)သို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

ထို့အတူ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNOOC Myanmar Limited ဥက္ကဋ္ဌ Mr. Xu Fa သည် အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁နာရီခွဲတွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)သို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ရမ်းဗြဲနှင့် ကျောက်ဖြူဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ SINOPEC ကုမ္ပဏီဥက္ကဋ္ဌ Mr. Lei Wenjuနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲတွင် ဂူဟန်မြို့ Shangri-La Hotel သို့ လာရောက်တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ကနီမဟူတောင်ဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား Yunnan Machinery& Equipment Imp.& Exp.Co., Ltd. ဥက္ကဋ္ဌ Mr. Feng Ke နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၃၀ ရက် နံနက် ၉နာရီခွဲတွင် Wharton International Hotelသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ့မီးရထားအဆင့်အတန်း ပိုမိုမြင့်တင်ရေးအတွက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား Kunming Railway မှ Business General Manager, Mr. Huang Guo Yong နှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် Wharton International Hotelသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ့မီးရထား၏ စက်ခေါင်းတည်ဆောက်ရေးစီမံကိန်း၌ စက်ပစ္စည်းများနှင့် နည်းပညာအကူအညီပေးရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးအား SDMECO (SHAN DONG) Co., ဒုတိယဥက္ကဋ္ဌ Billy Guanနှင့် အဖွဲ့ဝင်များက တွေ့ဆုံကြပြီး မြန်မာ့မီးရထား၌ အသုံးပြုလျက်ရှိသည့် စက်ခေါင်းများအတွက် စက်အရန်ပစ္စည်းများ ရရှိရေးကိစ္စများကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား China Northern Locomotive and Rolling Stock ဒုတိယအထွေထွေ မန်နေဂျာ Chen Dayong နှင့်အဖွဲ့ ဝင်များသည် အောက်တိုဘာ ၃၁ရက် ည ၉နာရီခွဲတွင် Wharton International Hotel သို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့မီးရထား၏ စက်ခေါင်းတည်ဆောက်ခြင်း၊ အင်ဂျင်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ၌ နည်းပညာအကူအညီပေးရေးကိစ္စများကို ဆွေးနွေးကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery &Equipment Imp&Exp. Co.,Ltd. ဥက္ကဋ္ဌ မစ္စတာ ဖန်ကီ သည်အောက်တိုဘာ ၂၉ရက် ညနေ ၄နာရီတွင် နန်နင်းမြို့ Wharton International Hotel သို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရွှေလီ(၁)၊ အထက်ပေါင်းလောင်း၊ နန်ချို၊ ဝက်ဝံ၊ ဓာတ်တော်ချိုင့်နှင့်ဇော်ဂျီ(၁) ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား အဆိုပါဟိုတယ်၌ပင် China Gezhouba(Group) Corporation ဥက္ကဋ္ဌ မစ္စတာရန်ရွှေနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရဲရွာရေအားလျှပ်စစ် စီမံကိန်း၌ RCC Dam သွန်းလောင်းခြင်းကိစ္စနှင့် Contractor's Equipmentများ ပေးပို့ရေးကိစ္စများကို အသေးစိတ်ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးအား CITIC Technology Co., Ltd.ဥက္ကဋ္ဌ မဒမ်ဂျင်ဖောင်းနှင့် အဖွဲ့ဝင်များသည် အဆိုပါဟိုတယ်သို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းအတွက် Pen Stock နှင့် Tunnel Lining ကိစ္စများ၊ ရဲရွာရေအားလျှပ်စစ် စီမံကိန်းအတွက် Hydraulic Steel Structureကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား China National Electric Equipment Corporation ဥက္ကဋ္ဌ မစ္စတာကျောက်ရူလင်နှင့် အဖွဲ့ဝင်များသည် ဆက်လက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရဲနွယ်၊ ရဲရွာ၊ ခပေါင်းနှင့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းများအတွက် လျှပ်စစ်နှင့် စက်မှုပစ္စည်းများ အချိန်မီပေးပို့ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးအား China National Heavy Machinery Corporation ဒုတိယဥက္ကဋ္ဌ မစ္စတာကျူးရှီနှင့် အဖွဲ့ဝင်များသည် လာရောက်တွေ့ဆုံကြပြီး ကွန်းရေအားလျှပ်စစ်စီမံကိန်းနှင့် ခပေါင်းရေအား လျှပ်စစ်စီမံကိန်းတို့အတွက် စက်မှုနှင့်လျှပ်စစ်ပစ္စည်းများ Hydraulic Steel Structure ပစ္စည်းများ အချိန်မီပေးပို့ရေး၊ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွက် 230 KVA Transmission Lineနှင့် Sub Station ဆိုင်ရာပစ္စည်းများ သတ်မှတ်ထားသည့် အချိန်အလိုက်၊ Shipmentအလိုက် အချိန်မီပေးပို့ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား Sinohydro Corporation Ltd.ဥက္ကဋ္ဌ မစ္စတာဟွမ်ဘောင်တုန့်နှင့် အဖွဲ့ဝင်များသည် အဆိုပါဟိုတယ်သို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းသို့ပေးပို့ရန်ရှိသည့် Hydraulic Steel Structure No.2နှင့် တာဘိုင်၊ ဂျင်နရေတာများ အချိန်မီပေးပို့ရေးနှင့် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား Yunnan United Power Development Co., Ltd. ဥက္ကဋ္ဌ မစ္စတာဝမ်ဝင်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၃၀ ရက်တွင် Wharton International Hotel သို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရွှေလီအမှတ်(၁)၊ ရွှေလီအမှတ်(၂)နှင့် ရွှေလီအမှတ်(၃)ရေအား လျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား China Power Investment Corporation နှင့် China CAMC Engineering Co., Ltd. ဒုတိယဥက္ကဋ္ဌမဒမ်ကျန်းရှောင်လုနှင့် အဖွဲ့ဝင်များသည်အဆိုပါဟိုတယ်၌ ဆက်လက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဧရာဝတီမြစ်ဆုံ မေခ၊မေလိခ မြစ်များအတွင်း ရေအားလျှပ်စစ်လုပ်ငန်းများ လေ့လာရေး၊ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စများကို အသေးစိတ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

(၆-၁၁-၂၀၀၆)

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

✻ ရှေ့ဖုံးမှ

ဒုတိယအကြီးအကဲ မစ္စတာ ဇန်းရောင်ဟော့နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် China Southern Airlines မှ အထူးလေယာဉ်ဖြင့် နန်နင်းမြို့မှ ကွေ့လင်းမြို့သို့ ထွက်ခွာခဲ့ကြရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ကွေ့လင်း လျန်ဂျန်းနိုင်ငံတကာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆို

ထိုနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လေဆိပ်တွင် ကွေ့လင်းမြို့ ဗြိုလ်တော်ဝန် မစ္စတာ ဇန်းရှန်းလုံ၊ ကွေ့လင်း ပြည်သူ့အစိုးရအဖွဲ့ အတွင်းရေးမှူး မစ္စတာ ကျန်းဘင်စွဲနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပြီး ကလေးငယ်တစ်ဦးက ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဆိပ်မှ ကျူကျန်းဆိပ်ကမ်းသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ကွေ့လင်းမြို့၏ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း အထင်ကရ နေရာတစ်ခုဖြစ်သည့် လိကျန်းမြစ်တစ်လျှောက် ဝန်းကျင်ရှိ ကျောက်တောင်များ၏ သဘာဝ သာယာလှပမှုများကို ရေယာဉ်ဖြင့်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ရန်ရောင်းသို့ ရောက်ရှိကြပြီး ရန်ရောင်း ဆိပ်ကမ်း၌ မှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွေ့လင်းမြို့ ဆင်နှာမောင်းတောင် ရှန်းဘီရှန်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဆင်နှာမောင်းတောင် ရှန်ဘီရှန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိရေလေ့လာကြပြီး စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လုဒိယန်ကျောက်တောင်သို့ သွားရောက်၍ Reed Flute Cave ကို ကြည့်ရှုလေ့လာကြရာ ရှေးဦးစွာ တာဝန်ရှိသူတို့က လိုဏ်ဂူ၏ သမိုင်းကြောင်း၊ လိုဏ်ဂူသို့ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက် လေ့လာကြည့်ရှုကြမှု၊ လိုဏ်ဂူအား သဘာဝမျက် ထိန်းသိမ်းစောင့်ရှောက်ထားမှုများကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လိုဏ်ဂူအတွင်း ဝင်ရောက်၍ ကျောက်ပန်း ကျောက်ခက် များဖြင့် လိုဏ်ဂူ၏ ဆန်းကြယ်စွာ သာယာလှပမှုများ၊ ခြေသုံ့သဏ္ဌာန်၊ ပန်းပုံသဏ္ဌာန်များ၊ မှိုပွင့်ပုံသဏ္ဌာန် များ စသည်ဖြင့် လှပစွာ တည်ရှိနေမှုများ၊ နဂါးရစ်ခွေ ပူဆော်နေသည့် စေတီပုံသဏ္ဌာန်ရှိ ကျောက်တောင် ကျောက်စွယ်များနှင့် ဆန်းကြယ်လှပစွာ ဖြစ်ပေါ်နေ သည့် လိုဏ်ဂူ၏ အခြေအနေများကို လိုက်လံကြည့်ရှု ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လိုဏ်ဂူ၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး သည်။

မှုန်ဖြိုးတိုးတက်မှုလေ့လာ

ယင်းနေ့နာက် လိုဏ်ဂူမှ ပြန်လည် ထွက်ခွာကြပြီး ကွေ့လင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ် များဖြင့် ကြည့်ရှုလေ့လာကြကာ ခေတ္တတည်းခိုမည့် Ronghu Lake Hotel သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား ကွေ့လင်းမြို့ မြို့တော်ဝန် မစ္စတာ ဇန်းရှန်းလုံက Ronghu Lake Hotel ဧည့်ခန်းမ၌ ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော အစိုးရ အဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် များ တက်ရောက်ကြပြီး ကွေ့လင်းမြို့ မြို့တော်ဝန်နှင့် အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မှ၊ ကွမ်ရီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ် ရေးမှူး မစ္စတာ ကျန်းဝမ်ရှယ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ကွေ့လင်းမြို့တော်ဝန်က ကွေ့လင်း မြို့၏ တည်နေရာ၊ လူဦးရေ၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက် ရေး၊ ခရီးသွားလာရေး စသည့်ကဏ္ဍများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ နှင့် ဆက်လက်၍ အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက် သွားနိုင်မည့် အလားအလာကောင်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်း ကောင်းများကို ပြန်လည်ရှင်းပြပြီး ဝန်ကြီးချုပ်နှင့် ကွေ့လင်း မြို့တော်ဝန်တို့သည် လက်ဆောင်ပစ္စည်းများကို အပြန် အလှန် ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များအား ကွေ့လင်းမြို့ မြို့တော်ဝန်က Ronghu Lake Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

✻ နိုင်ငံတော်ဝန်ကြီးချုပ်မှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် မွန်းလွဲ ၂ နာရီခွဲတွင် ဝူဟန်မြို့ရှိ (ထုံဖုန်း) Dongfeng Motor Corporation ဌာနချုပ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ Mr. Liu Zhangmin က Dongfeng Motor Corporation ဖွဲ့စည်း ထူထောင်ခဲ့သည့် သမိုင်းကြောင်း၊ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ နိုင်ငံခြား မော်တော်ကားကုမ္ပဏီများ နှင့် ဖက်စပ်လုပ်ငန်း ဆောင်ရွက်နေမှု များ၊ မော်တော်ယာဉ်အမျိုးမျိုး ထုတ် လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်အား ကုမ္ပဏီထုတ် ကုန်တင်မော်တော်ယာဉ်၏ ပုံစံငယ် ကို အမှတ်တရပေးအပ်သည်။

လက်မှတ်ရေးထိုး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် သည် အမှတ်တရ လက်ဆောင်ကို ပြန်လည်ပေးအပ်၍ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ ဝင်များသည် မှတ်တမ်းဓာတ်ပုံရိုက် ကြသည်။

ထို့နောက် Dongfeng Peugeot Citroen Automobile Co., Ltd သို့ရောက်ရှိကြပြီး မော်တော်ယာဉ် ငယ်များအား စက်ပစ္စည်း လိုင်း အလိုက် တပ်ဆင်နေမှုများကို ကြည့်ရှု ကြသည်။ ဆက်လက်၍ ကုမ္ပဏီထုတ် မော်တော်ယာဉ်ငယ်များကို ကြည့်ရှု ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ်သည် ကုမ္ပဏီမှ တာဝန်ရှိသူများ နှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြ သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွေ့လင်းမြို့ လုဒိယန် ကျောက်တောင်ကို ကြည့်ရှု လေ့လာစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝူဟန် စီးပွားရေး နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဇုန်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းခန်းမ၌ ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Chunming က ဇုန်နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဇုန်စီမံခန့်ခွဲရေး ကော်မတီ ဒုတိယအထွေထွေ ညွှန်ကြားရေးမှူး Mr. Li Zhoging က ဝူဟန် စီးပွားရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဇုန် သမိုင်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့် ကြိုးပမ်းခဲ့ရမှုများ၊ ဗဟိုအစိုးရနှင့် ပြည်နယ် အစိုးရတို့၏ အားပေးပံ့ပိုးမှု များ၊ ဝူဟန် စီးပွားရေးဇုန်တွင်

နိုင်ငံတော်ဝန်ကြီးချုပ်မှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ဂူဟန်မြို့ရှိ (ထုံဖုန်း) Dongfeng Motor Corporation ဌာနချုပ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ Mr. Liu Zhangmin က Dongfeng Motor Corporation ဖွဲ့စည်းထူထောင်ခဲ့သည့် သမိုင်းကြောင်း၊ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ နိုင်ငံခြား မော်တော်ကားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်း ဆောင်ရွက်နေမှုများ၊ မော်တော်ယာဉ်အမျိုးမျိုး ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်အား ကုမ္ပဏီထုတ်ကုန်တင်မော်တော်ယာဉ်၏ ပုံစံငယ်ကို အမှတ်တရပေးအပ်သည်။

လက်မှတ်ရေးထိုး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်တရ လက်ဆောင်ကို ပြန်လည်ပေးအပ်၍ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် Dongfeng Peugeot Citroen Automobile Co., Ltd သို့ရောက်ရှိကြပြီး မော်တော်ယာဉ်ငယ်များအား စက်ပစ္စည်း လိုင်းအလိုက် တပ်ဆင်နေမှုများကို ကြည့်ရှုကြသည်။ ဆက်လက်၍ ကုမ္ပဏီထုတ် မော်တော်ယာဉ်ငယ်များကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

လာရောက်တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဂူဟန်မြို့ East Lake Hotel ၌ ဟူပေပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Luo Qingquan လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းများနှင့်ပတ်သက်ပြီးရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအား အထူးစီးပွားရေးဇုန် ဥပဒေပြဋ္ဌာန်းမှုများ၊ ဇုန်၏ စီမံခန့်ခွဲမှုစနစ်များ၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ လာရောက်လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများ၏ တာဝန်နှင့် အခွင့်အရေးများနှင့် အခြားသိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် ဇုန်မှ တာဝန်ရှိသူတို့သည် လက်ဆောင်လိုက်ပါလာကြသော အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဟူပေပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Chunming၊ ဟူပေပြည်နယ် ပြည်သူ့အစိုးရအဖွဲ့ အထွေထွေအတွင်းရေးမှူး Mr. Duan Lunyi၊ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Wang Guoyao၊ ဂူဟန်မြို့တော်ဝန် Mr. Li Xiansheng နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂူဟန်မြို့ရှိ ဂူဟန်သံနှင့် စတီး ၈ရု(ပ်) ကုမ္ပဏီလီမိတက်တွင် သံပြား ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂူဟန် စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဇုန်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းခန်းမ၌ ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Chunming က ဇုန်နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဇုန်စီမံခန့်ခွဲရေးကော်မတီ ဒုတိယအထွေထွေညွှန်ကြားရေးမှူး Mr. Li Zhoging က ဂူဟန် စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဇုန် သမိုင်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်ကြိုးပမ်းခဲ့ရမှုများ၊ ဗဟိုအစိုးရနှင့် ပြည်နယ် အစိုးရတို့၏ အားပေးပံ့ပိုးမှုများ၊ ဂူဟန် စီးပွားရေးဇုန်တွင် ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Proview Technology (Wuhan) Co., သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကုမ္ပဏီက ထုတ်လုပ်သည့် ခေတ်မီကွန်ပျူတာများနှင့် ရုပ်မြင်သံကြားစက်များကို ပြသကြသည်။

ဆက်လက်၍ ကွန်ပျူတာတပ်ဆင် ထုတ်လုပ်ခြင်း လုပ်ငန်းများကို လှည့်လည်ရှင်းလင်းပြသကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ ၆ နာရီတွင် ဂူဟန်မြို့ East Lake Hotel ၌ ဟူပေပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Luo Qingquan နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံများအတွင်း အထူးစီးပွားရေး ဖွံ့ဖြိုးမှုဇုန်များ၊ စက်မှု၊ စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဇုန်များ ထူထောင်မှု အခြေအနေများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ ဟူပေပြည်နယ်နှင့် စီးပွားကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဟူပေပြည်နယ် အုပ်ချုပ်ရေးမှူးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လှည့်လည်လေ့လာ

ညစာစားပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယန်ဇီမြစ်ကမ်းခြေသို့ သွားရောက်ကြပြီး ယာဉ်ငယ်များဖြင့် ယန်ဇီမြစ်ကမ်းခြေတစ်လျှောက် ပြည်သူလူထု အခမဲ့အပန်းဖြေအနားယူ ကျန်းမာရေး လေ့ကျင့်ခန်း ဆောင်ရွက်နိုင်ရန် တည်ဆောက်ထားသော ကမ်းခြေဥယျာဉ်အတွင်း လှည့်လည်လေ့လာကြည့်ရှုကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခေတ္တ တည်းခိုသည့် Shangri-la Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲတွင် ဂူဟန် သံနှင့် စတီး ၈ရု(ပ်) ကုမ္ပဏီလီမိတက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ဧည့်ခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ Mr. Deng Qi Lin က ကုမ္ပဏီ၏ သမိုင်းကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး၌ အဓိကလိုအပ်သည့် အရည်အသွေးကောင်းမွန်သော သံနှင့် သံမဏိများ ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရင်းနှီးမြှုပ်နှံနိုင်မှု

ယင်းနောက် ဝန်ကြီးချုပ်က မြန်မာနိုင်ငံရှိ ပေါကြွယ်ဝသော သဘာဝ သယံဇာတ အရင်းအမြစ်များ အခြေအနေ၊ သံနှင့် သတ္တုသိုက်တည်ရှိမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းတို့ကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုမ္ပဏီဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကုမ္ပဏီ၏ သံနှင့်သံမဏိထုတ်လုပ်မှု လုပ်ငန်းအခြေအနေများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂူဟန် သံနှင့် စတီး၈ရု(ပ်) ကုမ္ပဏီလီမိတက်ရှိ သံနှင့် သံမဏိစက်ရုံများ၏ ပုံစံငယ်များကိုလည်းကောင်း၊ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ကုမ္ပဏီထုတ် သံနှင့် သံမဏိ ပစ္စည်းများကို အသုံးပြုထုတ်လုပ်ထားသည့် မော်တော်ယာဉ်နမူနာများ၊ ကုန်သေတ္တာ နမူနာ၊ တံတား နမူနာ၊ ရေနံပိုက် နမူနာတို့ကိုလည်းကောင်း၊ သံနှင့် သံမဏိထုတ်လုပ်ရာတွင် ဆက်စပ်အသုံးပြုသည့် ကုန်ကြမ်းပစ္စည်း နမူနာများကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုမ္ပဏီမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် သံနှင့် သံမဏိစက်ရုံသို့ ရောက်ရှိကြပြီး သံသတ္တုရိုင်းမှ သံမဏိ သံပြားဖြစ်သည်အထိ အဆင့်ဆင့်ကျိုချက်၊ ပုံသွင်းဖိကြိတ်နေမှုများကို လည်းကောင်း၊ သံမဏိ သံပြားလိပ်အဖြစ် အဆင့်ဆင့် ထုတ်လုပ်နေမှုများကို လည်းကောင်း ကြည့်ရှုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် Central China Power Grid Co., Ltd သို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ Mr. Xie Mingliang က Central China Power Grid Co., Ltd က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည့် ကွန်ရက်စနစ်များ၊ ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အား ပမာဏနှင့် လျှပ်စစ်ဓာတ်အား တိုးချဲ့ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အခြေအနေများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းတွင် နိုင်ငံတကာရှိ ကုမ္ပဏီများနှင့် ပူးတွဲဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးပေးရေး လုပ်ငန်းကို ဝန်ကြီးဌာန နှစ်ခုခွဲ၍ အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် အရင်းအနှီး၊ နည်းပညာအကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများလိုအပ်ကြောင်း၊ Central China Power Grid ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရေအားလျှပ်စစ် ထုတ်လုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကုမ္ပဏီ၏ လျှပ်စစ်ဓာတ်အား ဗဟိုထိန်းချုပ်ခန်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြသကြသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဂူဟန်နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိကြသည်။

ဂူဟန်လေဆိပ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အား ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Chunming က ဂူဟန်မြို့ ခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပို့ဆောင်နှုတ်ဆက်ကြသည့် ဟူပေပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Chunming၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂူဟန်မြို့ Proview Technology (Wuhan) Co. တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဝူဟန်မြို့ရှိ ယန်ဇီမြစ်ကမ်းခြေတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဝူဟန်မြို့ Central China Power Grid Co., Ltd. ဥက္ကဋ္ဌ Mr. Xie Mingliang လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဗုဒ္ဓဂယာကျောင်း စုပေါင်းမဟာဘုံကထိန်ကျင်းပ သိမ်တော်မြတ်စေတီ ရတနာအုတ်မြစ်တော်စီ

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း စုပေါင်းမဟာဘုံကထိန်နှင့် ဗုဒ္ဓဂယာမဟာဗောဓိ သိမ်တော်မြတ်စေတီ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ဇနာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း (မြောက်) ရပ်ကွက် ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ထို့နောက် ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များ ချီးမြှင့်ကြပြီး စမ်းချောင်းမြို့နယ် ဝံသမေဒိနီ စာသင်တိုက် တိုက်အုပ်ဆရာတော် အရှင်ထေရာဘိဝံသထံမှ သာဓုအနုမောဒနာ တရားနာယူကြကာ လူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဗုဒ္ဓဂယာမဟာဗောဓိ သိမ်တော်မြတ်စေတီ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို သတ်မှတ်သည့်နေရာ၌ကျင်းပရာ အကျိုးတော်ဆောင်နာယက ဆရာတော်ဒေါက်တာအရှင်သုနှရ(လုမ္ဗိနီ)က နတ်ဗြဟ္ဓာ အပေါင်းတို့အား ပင့်ဖိတ်ပူဇော်ပြီး ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များရွတ်ဖတ်ကြကာ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်တို့ဖြင့် ပက်ဖျန်းကာရံကြသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်နှင့် ခုနစ်ရက် သားသမီးများက အရပ်ရှစ်မျက်နှာလှည့်၍ ရတနာမျိုးစုံ အမည်ပါ အုတ်မြစ်များကို ချပေးကြပြီး ဆရာတော်၊သံဃာတော်များက အမွှေးနံ့သာများပက်ဖျန်းကာ ဇယန္တောဗောဓိယာမူလေ ဂါထာဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ ဗုဒ္ဓဂယာမဟာဗောဓိ သိမ်တော်မြတ်စေတီတော်၏ ဥာဏ်တော်အမြင့်မှာ ၆၃ပေ၊ အချင်းပေ ၄၀ရှိကာ စုစုပေါင်းကုန်ကျငွေကျပ်သိန်းပေါင်း ၅၄၀ကျော် ကုန်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

First Myanmar Investment Co., Ltd. (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

First Myanmar Investment Co., Ltd. (F.M.I Co., Ltd.) ၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းမွေလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

အစည်းအဝေးတွင် FMI Co.,Ltd. ၏အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်ဒါရိုက်တာများ SPA (M) Ltd မှ CEO Mr.Martin Pun တို့နှင့် အသင်းသားများအား မိတ်ဆက်ပေးပြီး FMI Co., Ltd. အကြံပေး အဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေး၏ သဘာပတိ ဗိုလ်မှူးကြီးဝင်းမောင်(အငြိမ်းစား) က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် FMI Co., Ltd. ၏ ဥက္ကဋ္ဌ Managing Agent ဦးသိမ်းဝေက နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး FMI Co.,Ltd. ၏ လုပ်ငန်းအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြသည့် ကိစ္စရပ်များ အပေါ်အစုရှယ်ယာရှင်များနှင့်ဧည့်သည်တော်များ၏ မေးမြန်းဆွေးနွေး အကြံပြုချက်များကို ပြန်လည်ဖြေကြားပြီး ၂၀၀၅-၂၀၀၆ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာကို တင်ပြအတည်ပြုချက်ရယူသည်။ ယင်းနောက် FMI Co., Ltd.၏ ၂၀၀၆-၂၀၀၇ခုနှစ်အတွက် အမှုဆောင်ဒါရိုက်တာများအား ရွေးချယ်တင်မြှောက်ကြပြီး ၂၀၀၆-၂၀၀၇ခုနှစ်အတွက် စာရင်းစစ်ရွေးချယ်ခန့်အပ်၍သဘာပတိကနိုင်းချုပ်ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

First Myanmar Investment Co., Ltd. **၏ (၁၄)ကြိမ် မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်** F.M.I Co., Ltd.ဥက္ကဋ္ဌ Managing Agent **ဦးသိမ်းဝေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် (၁၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၇ရက်မှ ၁၁ရက်အထိ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၇ရက်တွင် ကြက်တောင်ရိုက်ပြိုင်ပွဲကို ကျုံးကြီးလမ်း ကြက်တောင် အားကစားရုံ၌လည်းကောင်း၊ နိုဝင်ဘာ ၈ရက်တွင် ဘော်လီဘောပြိုင်ပွဲကို အောင်ဆန်း အားကစားပြိုင်ဝင်း အားကစားရုံ၌လည်းကောင်း၊ နိုဝင်ဘာ ၉ရက်တွင် ရေကူးပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို အမျိုးသားရေကူးကန်နှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ခန်းမ၌ လည်းကောင်း၊ နိုဝင်ဘာ ၁၀ရက်နှင့် ၁၁ရက်တို့တွင် ပြေးခုန်ပစ်ပြိုင်ပွဲများကို အောင်ဆန်း အားကစားပြိုင်ဝင်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို နိုဝင်ဘာ ၅ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၁၁-၂၀၀၆ (တနလ်ာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ မမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဓန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ မမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဓန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈း၀၅ ၇။ ချစ်စရာအရွယ်ကကြိုးသွယ်
- ၈း၂၀ ၈။ အရေးပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Grammar Made Easy.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ အထူးပြုများ) (သတ္တဗေဒ)
- ၅း၅၅ ၅။ အကပဒေသာ
- ၅း၀၅ ၆။ မြန်မာစာမြန်မာစကား
- ၅း၂၀ ၇။ "နင်းကြည့်စမ်းပါ" (မင်းအုပ်စိုး၊ညီဘွား၊ခင်စိုးပိုင်) (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၅း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၅း၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း–၂၃)**
- ၆း၅၀ ၁၃။ အလှရာမယ် လှကမ္ဘာဝယ်
- ၇း၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခြင်းနှင့်အတူ" (အပိုင်း–၁၅)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စပိုင်ချစ်သူ" (အပိုင်း–၁၉)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ပြည်ထဲရေးဝန်ကြီးဌာန မိသားစု ပထမအကြိမ် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးတို့အား အမှူးထား၍ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ၏ ပထမအကြိမ် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲတွင် တပ်ကုန်းမြို့နယ် တပ်ကုန်းမြို့ မြဝတီရပ်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တပ်ကုန်းမြို့ မြို့ဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာရဒ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီး ဆရာလေးများကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး ဒေါ်ခင်မေစိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက်ရောက်လာသော ပရိသတ်တို့က ဆရာတော် ဘဒ္ဒန္တနာရဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးတို့က ဆရာတော် ဘဒ္ဒန္တနာရဒထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီး၏ ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက သီလရှင် ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးနှင့် ဇနီး၊ ရဲချုပ်နှင့် ဇနီး၊ ပရိသတ်တို့က ဆရာတော်ကြီးထံမှ ရေစက်ချတရားတော်နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ၏ ပထမအကြိမ် မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးတို့ ဆရာတော်ထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝိဇ္ဇောဒယကျောင်း မဟာဘုံကထိန်ကျင်းပ သိမ်တော်ကြီးအတွက် အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်(၂)ရပ်ကွက်ရှိ ဝိဇ္ဇောဒယကျောင်း ပဥ္စမအကြိမ် စုပေါင်း မဟာဘုံကထိန်နှင့် သဒ္ဓမ္မဇောတိကဓဇ သိမ်တော်ကြီး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ရက် နံနက် ၉နာရီတွင် ကျင်းပရာ ရှေးဦးစွာ တိပိဋကဓရ ရခိုင်ဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကထိန်မတည် အလှူရှင် ဦးအောင်စံသိန်း-ဒေါ်တင်တင်မြ မိသားစုက ဦးဆောင်၍ အလှူရှင်များက ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူရှင်များက သိမ်တော်ကြီးအတွက် ပဥ္စမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးခင်မောင်-ဒေါ်အမ၊ ဦးမြင့်သိန်းထွန်းတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု ၂၇-က၊ ပြည်သာယာလမ်းက ငွေကျပ် ၁၁သိန်း(**အပေါ်ပုံ**)၊ ဒေါ်လှမိသားစု (သာကေတ)က ငွေကျပ် ကိုးသိန်း၊ ဦးမြင့်သိန်း-ဒေါ်ဆွေဆွေ မိသားစု (ရန်ကင်း)က ငွေကျပ် ခြောက်သိန်း၊ ဒေါက်တာဒေါ်တင်တင်လင်းမိသားစု (ပါရမီ)က ငွေကျပ် ခြောက်သိန်း၊ ဦးကျော်ကျော်-ဒေါ်နန်းဟွမ်ခွန်းမိသားစု (ပြည်သာယာ)က ငွေကျပ် ၅၅၀၀၀၀၊ ဦးသိန်းအောင်-ဒေါ်ဂွန်းအား ရည်စူး၍ သားသမီးတစ်စုက ငွေကျပ် ၃၃၀၀၀၀၊ ဦးကိုကြီး-ဒေါ်တင်ရီ၊ သမီးစန်းစန်းနွယ် (ပျဉ်းမနား)က ငွေကျပ် ၃၁၀၀၀၀၊ ဦးတင်မောင်-ဒေါ်မြကြည် (ရွှေဘိုမင်းသမီး မိသားစု)နှင့် ဦးဖေတင်-ဒေါ်မြရင်မိသားစု(ဝန်မင်းလမ်း)တို့က ငွေကျပ် သုံးသိန်းစီ၊ မိခင်ကြီးနှင့် ဆရာကျော်မိသားစု(သုဝဏ္ဏ)၊ ဦးခိုင်စိုး-မမေဖြူကျော်၊ သားပြည့်ဘုန်းသော် (ကမာရွတ်)၊ ဦးဟန်တင်-ဒေါ်သန်းသန်းဌေး၊ သမီး စုလှိုင်ထွန်းမိသားစု (တောင်ဥက္ကလာပ)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဆက်လက်၍ နှစ်သိန်းအောက် အလှူရှင်များက လှူဒါန်းငွေကျပ် သိန်း၄၀ကို ပေးအပ်လှူဒါန်းကြရာ ဦးကျော်ကျော်၊ ဒေါက်တာသာလှိုင်၊ ဦးဌေးအောင်တို့က လက်ခံကြသည်။

ယနေ့လှူဒါန်းမှုအစုစုမှာ ပဥ္စမအကြိမ် စုပေါင်း မဟာဘုံကထိန်အတွက် မတည်အလှူရှင် ဦးအောင်စံသိန်း-ဒေါ်တင်တင်မြ မိသားစုက ငွေကျပ် ၁၀သိန်းအပါအဝင် လှူဒါန်းငွေကျပ် ၂၂၈၆၀၀၀ဖြစ်ပြီး သိမ်တော်ကြီးအတွက် ဒုတိယအကြိမ် လှူဒါန်းမှုမှာ ငွေကျပ် ၉၅၉၀၀၀၀ ဖြစ်သည်။

(ကြေးမုံ)

မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် (၁၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၆နာရီတွင် တပ်မတော် ဂေါက်ကလပ်(မင်္ဂလာဒုံ)၌ ကျင်းပမည် ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသော မသန်စွမ်း ဂေါက်သီးရိုက် အားကစားသမားများ အနေဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် (ရုံး) ဖုန်း-၀၁-၃၈၂၄၅၅၊ ဗိုလ်မှူးကြီးမျိုးမြင့် (ဒုတိယ ဥက္ကဋ္ဌ) (ရုံး) ဖုန်း ၀၁-၅၆၁၃၆၉၊ ဦးဝင်းမြင့်(အမှုဆောင်) ရုံး ဖုန်း ၀၁-၃၇၉၄၀၆တို့ထံ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၄) ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၄)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အခန်းဆက်ကိုရီးယား ခရီးသွားဆောင်းပါး၊ 'ဦးဖိုးကျား၏ ဘိလပ်ပြန်၊ ကာလသမီးပျိုနှင့် ဆိုးလ်၏မြူမှုန်များ'၊ ရန်ကုန်နှင့် တောင်ကိုရီးယား အင်ချန်အကြား မြန်မာ့လေကြောင်း ပျံသန်းမည်၊ ခေတ်မီလူနာတင်ယာဉ်စနစ် ရန်ကုန်မြို့တွင် မကြာမီ စတင်မည်၊ ပို့ကုန်သွင်းကုန်ဈေးနှုန်း သတ်မှတ်ပေးရာတွင် လုပ်ငန်းရှင်များအတွက် အခက်အခဲရှိပါက ကော်မတီသို့ ကိုယ်တိုင်တက်ရောက် ဆွေးနွေးနိုင် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

"ပြည်ပရင်းနှီးမြှုပ်နှံသူတွေ တဖြည်းဖြည်းဝါးမျိုလာတဲ့ ပရီးမီးယားလိဂ်" အားကစား သတင်းဆောင်းပါးနှင့်အတူ တရုတ်နှင့် အာဆီယံ ဒေသကုန်သွယ်ရေး ၂၀၀၈ တွင် ဒေါ်လာကုဋေနှစ်သောင်းအထိရောက်နိုင်၊ ၁၄ ထပ်မှ လိမ့်ကျသော စင်ကာပူသား ပွန်းပဲ့ရုံသာ ဒဏ်ရာရ၊ နှာချေဆတ်ခြင်းက ရောဂါပိုး အလွန်မြောက်မြားစွာဖြန့်ချိ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ဘုံကထိန်သင်္ကန်းကပ်လှူ

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ (၁၆)ကြိမ်မြောက် မိသားစု စုပေါင်းဘုံကထိန် ကပ်လှူပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ်ရှိ ရဲမှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းသံဃာ့ ဝန်ဆောင်စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်မှ ဆရာတော်အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တထံမှ ငါးပါးသီလခံယူတည်ဆောက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းနှင့်ဇနီး၊ ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူးနှင့် ဇနီး၊ ကြိုးမဲကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့် ဇနီး၊ ခရိုင် ရဲတပ်ဖွဲ့မှူးများနှင့် ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ရဲရင့်အားမာန် ခြသေ့်ဟန်

☆ ရာဇပလ္လင်၊ နန်းဥကင်နှင့်
အားအင်လက်ရုံး၊ မိုးသို့ချုန်းသည့်
ဟိုတုန်းကခေတ်၊ ပြန်တွေးစစ်သော်
မျိုးချစ်အောင်လံ၊ ဝဲလွင့်ပျံ၍
ရန်ဟူသမျှ၊ မြေခဦးကျိုး
ခြေသုတ်ကြိုးနယ်
ဝပ်လျှိုးတုပ်ပျပ်၊ ငြိမ်းချုပ်လတ်အောင်
သတ္တိအစွမ်း၊ အံ့မခန်းမျှ
တစ်ဝန်းကမ္ဘာ၊ ကျော်ခဲ့ပါသည်
မြန်မာဂုဏ်မြင့်ခဲ့သည် တကား။

☆ ထီးသုဉ်း နန်းသုဉ်း၊ မြို့လည်းသုဉ်း၍
ရှုံးရအမှန်၊ သုဉ်း သုံး တန်ဝယ်
မှန်ကင်းအစစ်၊ ထင်းပင်ဖြစ်လည်း
ဖြစ်သည့်ထင်းက၊ ဟုန်းဟုန်းကြွကာ
မီးထလျှံတောက်၊ သူ့ကိုခြောက်လျက်
မကြောက်ဘိသေး၊ လွတ်လပ်ရေးကို
ပေးလော့ခြောင်းခြောင်း၊ ငါတို့တောင်း၍
စုပေါင်းအားပြ၊ တိုက်ခိုက်ကြ၏
မြန်မာ့မြေအား၊ တိုင်းတစ်ပါးက
ထိပါးမခံ၊ တပ်လှန့်သံနှင့်
တွန်းလှန်ရဲစွာ၊ အောင်ခဲ့ပါသည်
မြန်မာဂုဏ်တင့်ခဲ့သည် တကား။

☆ "ရာဇဝင်တစ်ခေတ်၊ သစ်ခဲ့ဖူးသည်"
"သူ့ကျွန်အဖြစ်၊ နစ်ခဲ့ဖူးသည်"
"ဇာနည်မျိုးချစ်၊ စစ်ခဲ့ဖူးသည်"
ပြည်မြန်မာသား၊ ငါတို့အားမှာ
မခြားမကွဲ၊ တစ်စိတ်ထဲပင်
ရဲရင့်အားမာန်၊ ခြသေ့်ဟန်ဖြင့်
ဖြောင့်မှန်စည်းလုံး၊ ညီညွတ်ထုံးဖြင့်
ကျင့်သုံးခိုင်ကြို့၊ စိတ်နေခံ့သော်
နိုင်ငံ့သိက္ခာ၊ နေသို့ဖြာလျက်
မြန်မာတို့၏၊ ဂုဏ်အရှိလျှင်
မိုးထိမြင့်တိုင် ခိုင်လိမ့်တကား။ ။

[ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုလျက်]

မြင်းမူ မောင်နိုင်မိုး

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေး ကျောင်း အသစ်ပြန်လည်ဆောက်လုပ်ရန်အတွက် စမ်းချောင်းမြို့နယ် မြေနီကုန်း ပလာဇာနေ ဦးကျင်း-ဒေါ်ချောစုမြတ်၊ သား မောင်သီဟသူကျင်း မိသားစုက ပထမအကြိမ် အလှူတော်ငွေ ကျပ် ၂၅ သိန်းကို ကျောင်းအုပ်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဝံသ ရှေ့မှောက်တွင် ကျောင်းအကျိုးတော် ဆောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (၅၃၅)

အမျိုးသားညီလာခံကိုယ်စားလှယ်များ သန်လျင်မြို့နယ်ရှိ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက် စေတီတော်ကို လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျိုက်ခေါက်စေတီသို့ သွားရောက်ဖူးမြော်

ခရစ်ယာန်ဘာသာဝင်ညီလာခံကိုယ်စားလှယ်များ ဝတ်ပြုဆုတောင်း

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်တိုင်းမှာဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး သန်လျင် မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲပွဲတော်ကို သွားရောက်ကြည့်၍ ကြည်ညိုသဒ္ဓါပွားများကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက် ၇ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်သို့ ရောက်ရှိကြရာ သန်လျင်တပ်နေယမ်မှ ဒုတိယဗိုလ်မှူးကြီးကြည်ဦးနှင့် တာဝန်ရှိသူများ၊ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက် စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (ငြိမ်း)နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် စေတီတော်ရင်ပြင်ရှိ ကြေးသွန်း မဟာမြတ်မုနိ တန်ဆောင်းတော်ကြီး၌ ဂေါပကအဖွဲ့ ဥက္ကဋ္ဌက စေတီတော်သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆံတော်ရှင်သမိုင်းဝင် ကျိုက်ခေါက်စေတီတော်သို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အလှူငွေ ၁၃၆၈၅၅ ကျပ်ကို စုပေါင်းပေးအပ်ကြရာ စေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌက လက်ခံယူသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးအေးကျော်က ဂေါပကအဖွဲ့အား ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်ကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက် စေတီတော် အရှေ့ဘက် ကြာကန်မမ္မာရံကြီး၌ သန်လျင်မြို့နယ်အတွင်းရှိ ကျောင်းတိုက် အသီးသီးမှ ဆရာတော် သံဃာတော် ၂၆၄ပါးတို့အား မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ စက်ရုံ အလုပ်ရုံများ၊ ရပ်ကွက် ကျေးရွာများမှ စေတနာရှင် အလှူရှင်များ စုပေါင်း ကျင်းပသည့် သန်လျင်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲပွဲတော်သို့ ရောက်ရှိကြသည်။

အဆိုပါ အခမ်းအနားတွင် စေတနာရှင် အလှူရှင်များက တန်ဖိုးငွေကျပ် ၁၃၄၈၀၇၄၀ တန်ဖိုးရှိ ပဒေသာပင် ၂۱۶ပင်နှင့် ငွေကျပ် ၁၈၃၅၅၀၀ တန်ဖိုး ရှိ ဆွမ်းဆန်စိမ်းများ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၅၃ သိန်းကျော် တန်ဖိုးရှိ လူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များအား စေတနာသဒ္ဓါတရား ထက်သန်စွာ လောင်းလှူကြရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ကြည်ညှာအားပေးကြည်ညိုသဒ္ဓါပွားများကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပက အဖွဲ့ဝင်များနှင့် စေတနာရှင်များ၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နွတ်ဆက်ကြပြီး သန်လျင်မြို့နယ်မှ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း စစ်ချောင်း မြို့နယ် ရွှေပြည်အေးလမ်းရှိ "ကချင် နှစ်ခြင်းအသင်းတော်" ကျောင်းတော်သို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။ (သတင်းစဉ်)

မိခင်ကြီး ခေါ်ကျင်ရီအား ရည်စူး၍ ရန်ကုန်မြို့ လသာမြို့နယ် လမ်း(၂၀)နေ တရားရုံးချုပ်ရှေ့နေ ဦးစင်မောင်ဦး(မြောင်းမြ)–ခေါ်မြပြိမ်း၊သားသမီးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတ် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနနဝယက ဆရာတော် ဘဒ္ဒန္တ ပဇ္ဇိတ္ထထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ–နီ (ရန်ကုန် ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဆေးတက္ကသိုလ်(၁)ရန်ကုန် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၅

ဆေးတက္ကသိုလ်(၁) ရန်ကုန် ၁၉၈၄–၁၉၉၀ ပြည်နှစ် ကျောင်းသား၊ ကျောင်းသူများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ ပါဝင်လှူဒါန်းကြပါရန်နှင့် အလှူငွေများကို ထည့်ဝင်လှူဒါန်းလိုပါက ဦးစည်သူအောင် ဖုန်း–၀၉၈၅၂၀၃၃၇၊ ဦးနေထက် ဖုန်း–၀၉၈၀၃၄၄၄၇၊ ဦးပြည်စိုးလွင်–ဖုန်း–၀၁–၂၅၄၀၇၇၊ ဦးဝင်းကြိုင် ဖုန်း–၀၉၅၁၄၅၉၅၄၊ ဦးဝင်းဦး ဖုန်း–၀၉၅၁၂၅၀၉၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်တာနက်အားကစားသတင်းများ

ကိုယ်အလေးချိန်များပြားခြင်းကြောင့် ရော်နယ်လ်ဒို ဘောလုံးကစားခွင့်မရသေး

မဒရစ် နိုဝင်ဘာ ၅

ဘရာဇီးလူမျိုး တိုက်စစ်မှူး ရော်နယ်လ်ဒိုသည် အလွန်အမင်း ကိုယ်အလေးချိန်များပြားနေခြင်းကြောင့် စပိန်လီဂ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ပေးနိုင်ဦးမည်မဟုတ်ကြောင်း ရီးယဲလ်မဒရစ် အသင်းနည်းပြ ဟာဘီယို ကာပယ်လိုက ယနေ့ ပြောကြားလိုက်သည်။

ဖီဖာ၏ နှစ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို သုံးကြိမ်တိုင်တိုင် ဆွတ်ခူးရယူနိုင်ခဲ့သူ ရော်နယ်လ်ဒိုသည် ဒူးခေါင်းခွစ်တက်ကူသမ္ဘခံယူရပြီးနောက် အနားယူခဲ့ရပြီး ယခု ဘောလုံးရာသီအစပိုင်းတွင် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ ရော်နယ်လ်ဒိုသည် စက်တင်ဘာလနောက်ပိုင်း ဘောလုံးပွဲတစ်ပွဲတည်းတွင်သာ ပါဝင်ကစားခွင့်ရရှိခဲ့သည်။

ရော်နယ်လ်ဒိုသည် ကိုယ်အလေးချိန်လျှော့ချနိုင်ရန် ကြိုးပမ်းခဲ့ရာတွင် တိုးတက်မှုရှိခဲ့သော်လည်း လေ့ကျင့်ရေးကွင်းတွင် ၎င်း၏ စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသနိုင်ရန် လိုနေသေးကြောင်း ကာပယ်လိုက ပြောကြားသည်။

အင်တာနက်

ဝက်စ်ဟမ်းနှင့် အက်စ်တွန်မီလာတို့ အနိုင်ရ ချယ်လ်ဆီးအသင်း တော့တင်ဟမ်ကို ရှုံး

လန်ဒန် နိုဝင်ဘာ ၅

အင်္ဂလိပ် ပရီမီယာလီဂ်ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာ ဝက်စ်ဟမ်းအသင်းက အာဆင်နယ်အသင်းကို တစ်ဝိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဝက်စ်ဟမ်းအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် ဟဲဂုဒ်က သွင်းယူခဲ့သည်။

အက်စ်တွန်ဗီလာအသင်းနှင့် ဘလက်ဘန်းရိုဗာအသင်းတို့၏ ပွဲတွင် အက်စ်တွန်ဗီလာအသင်းက နှစ်ဝိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

တော့တင်ဟမ်နှင့် ချယ်လ်ဆီးတို့ ပွဲတွင်လည်း တော့တင်ဟမ်က ချယ်လ်ဆီးကို မမျှော်လင့်ဘဲ နှစ်ဝိုး–တစ်ဝိုးဖြင့် အနိုင်ရသွားသည်။**အင်တာနက်။**

နိုဝင်ဘာ ၄ ရက် ပရီမီယာလီဂ်ရလဒ်

လန်ဒန် နိုဝင်ဘာ ၅

နိုဝင်ဘာ ၄ ရက်တွင်ကျင်းပသော အင်္ဂလန်ပရီမီယာလီဂ် ဘောလုံးပြိုင်ပွဲရလဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

ဘော်လ်တန်	၀–၁	ဝီဂန်
ချာလ်တန်	၁–၀	မန်စီးတီး
ဖူလ်ဟမ်	၁–၀	အဲဗာတန်
လီဗာပူး	၂–၀	ရီးဒင်း
မန်ယူ	၃–၀	ပို့စ်မောက်
နယူးကာဆယ်	၀–၁	ရှက်ဖီးလ်
ဝပ်ဖို့ဒ်	၂–၀	မစ်ဒယ်ဘရော

အင်တာနက်

ဘောလုံးနည်းပြအဖြစ်မှ ဟဂူဆန် အနားမယူသေး

လန်ဒန် နိုဝင်ဘာ ၅

မိမိသည် ဘောလုံးနည်းပြအဖြစ်မှ အနားယူရန် အကြောင်းမရှိသေးကြောင်း ဆာအယ်လက်စ် ဖာဂူဆန်က မန်ချက်စတာယူနိုက်တက်အသင်း၏ နည်းပြအဖြစ်တာဝန်ယူမှု နှစ် ၂၀ ပြည့်မြောက်သည့်နေ့တွင် ပြောကြားသည်။ လွန်ခဲ့သည့် နှစ်များအတွင်း ဘောလုံးနည်းပြရာထူးမှ အနားယူရန် သတင်းစာဆရာအများအပြားက မိမိအား တိုက်တွန်းခဲ့ကြကြောင်း၊ ဘောလုံးနည်းပြရာထူးမှ အနားယူရန် သင့်၊ မသင့် ဆုံးဖြတ်ရမည်မှာ မိမိကိုယ်တိုင် သာလျှင်ဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

အင်တာနက်။

ခရစ်မ်းမြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုရှိ မြင့်မွှဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

ခရစ်မ်းမြို့နယ်အသင်း (ရန်ကုန်) က ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော မြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်၍ ဂုဏ်ထူးတစ်ဘာသာနှင့် အထက်ရရှိခဲ့ကြသည့် ရန်ကုန်ရောက်အသင်းသူ အသင်းသားများ၏ သားသမီးများသည် ခရစ်မ်းမြို့နယ်အသင်း (ရန်ကုန်) တာမွေမြို့နယ်၊ မေတ္တာဘည့်နှင့်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ တိုက်အမှတ် (၁၁၅) သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း၊ ခရစ်မ်းမြို့နယ်အတွင်းမှ ဖြစ်ပါက ဦးမြင့်လိုင် ဖုန်း–၀၁–၃၉၀၃၉၁၊ ၃၉၀၄၁၄ နှင့် ၀၉၅၁ ၂၁၁၅ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရခိုင်ကြီးခရိုင်ရှိ ဆွမ်းဆန်စိမ်းများ

ရခိုင်ကြီးခရိုင်ရှိ ကြေးသွန်း မဟာမြတ်မုနိ တန်ဆောင်းတော်ကြီး၌ ဂေါပကအဖွဲ့ ဥက္ကဋ္ဌက စေတီတော်သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆံတော်ရှင်သမိုင်းဝင် ကျိုက်ခေါက်စေတီတော်သို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အလှူငွေ ၁၃၆၈၅၅ ကျပ်ကို စုပေါင်းပေးအပ်ကြရာ စေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌက လက်ခံယူသည်။

ရန်ကုန်တိုင်း သဃိမ်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် (၁၆)ကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရစ်ဆူပူဇော်ပွဲ၊ စုပေါင်းမဟာဘုံကထိန်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၄ ရက်က ကျင်းပရာ ကျပ်သိန်း ၁၅၀ ကျော်တန်ဖိုးရှိ ပဒေသာပင်များကို ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းကာ အောင်မေယျ လမ်းတစ်လျှောက်လှည့်လည်ကြစဉ်။ (၅၀၆)

ဗြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် ပါကစ္စတန် တပ်မတော်ဘောလုံးအသင်းရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော် ဘောလုံးအသင်း ခေါင်းဆောင် Brigadier General Muhammad Naseem Khan ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်း ခရီးဖြင့် ရောက်ရှိလာကြသည်။

အဆိုပါ ပါကစ္စတန် တပ်မတော် ဘောလုံးအသင်းအား တပ်မတော်ဆေးတက္ကသိုလ် ပါဆောက္ခချုပ် ဗိုလ်မှူးချုပ် ရာပြည်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Col. Zafar Jamil နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ညောင်ဦးအထက ပညာရေးငွေပဒေသာပင် စိုက်ထူမည်

ရန်ကုန် နိုဝင်ဘာ ၅

ညောင်ဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းကို ပုဂံ–ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ စေတနာရှင်များနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ လှူဒါန်းငွေများဖြင့် ပြင်ဆင်လျက်ရှိပြီး ကျောင်းသူ၊ ကျောင်းသားများ၏ ပညာရည် တိုးတက်မြင့်မားရေးလုပ်ငန်းများ ပါဝင်ကူညီ ဆောင်ရွက်နိုင်ရန် ပညာရေးငွေပဒေသာပင် ရန်ပုံငွေ စိုက်ထူကြမည် ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူ စေတနာရှင်များနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ညောင်ဦး အထက ကျောင်းအုပ်ကြီး ဦးစိုးမင်း ဖုန်း–၀၆၁–၆၀၂၇၀၊ ကျောင်းအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်မောင် ဖုန်း–၀၆၁–၆၀၃၇၈နှင့်ပုဂံ–ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်) နာယက ဦးဘစော ဖုန်း–၀၁–၂၀၁၄၆၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း–၀၁–၅၇၇၇၀၂၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်သန်း ဖုန်း–၀၉–၈၀–၂၂၇၄၄၊ ၀၁–၅၄၉၈၄၈ နှင့် အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း–၀၁–၅၅၉၀၆၆ တို့သို့ ဆက်သွယ် ထည့်ဝင် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မွေးနေ့ဆုတောင်း

မောင်ချစ်ကိုကိုလတ် (၆–၁၁–၂၀၀၆)

အချစ်ဆုံး သားငယ်လေး **မောင်ချစ်ကိုကိုလတ်**၏ ၆–၁၁–၂၀၀၆ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ လိုအင်ဆန္ဒပြီးပြည့်စုံ၍ ဘဝ၏ အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်ပြီး မိသားစု အားထားရတဲ့ သားကောင်းရတနာလေးဖြစ်ပါစေ.....

ဖေဖေ – ဗိုလ်မှူးကိုကို(ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းစည်ပင်
မေမေ – ဒေါ်ငယ်ငယ်
ကိုကြီး – ချစ်ကိုကိုဦး (D.S.T.A ပြင်ဦးလွင်)
ညီမလေး– လှဲ့သန္တာကိုကိုထွေး၊ ချင်းချင်း

အောက်တိုဘာ ၂၈ရက်က အကြိမ်(၂၀)မြောက် မင်္ဂလာဈေးမိသားစု မဟာဘုံကထိန်ပွဲတော်ကို ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေး ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ကထိန်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များက ရွှေပေါက်ကံမြို့သစ် မော်ကျွန်းပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန၊ နာယကဆရာတော်ဘဒ္ဒန္တ ကဝိန္ဒာစာရထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ Japan နိုင်ငံရှိ Canon Inc. သည် မြန်မာနိုင်ငံ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော Battery ရောင်းချသူများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ် ၄/၂၅၆၇/၁၉၉၄

Canon batteryသည် ကမ္ဘာ့အနှံ့အပြား အများသုံးလျက်ရှိပြီး အဆင့်မြင့် အရည်အသွေးနှင့် ယုံကြည်စိတ်ချမှုအတွက် ကမ္ဘာတစ်ဝန်းလုံးက အသိအမှတ်ပြုသော ပစ္စည်းဖြစ်ပါသည်။ Canon battery အား ထုပ်ပိုးထားပုံမှာ တစ်မျိုးတစ်ဖုံ ပြုလုပ်၍မရအောင် အကာအကွယ်ဖြင့် ပြုလုပ်ထားသည့် ပစ္စည်းဖြစ်ပါသည်။ ၎င်း Canon battery အထုပ်၏ ဘယ်ဘက်အပေါ်တွင် Hologram ထည့်သွင်းထားခြင်းသည် Canon မှ ထုတ်လုပ်သော ပစ္စည်း အစစ်အမှန်ဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။

ကျွန်ုပ်၏အမှုသည်များ စုံစမ်းရရှိထားသောသတင်းမှာ လက်ရှိ Canon battery အတုများသည် နိုင်ငံခြားမှ မြန်မာပြည်အတွင်း ဝင်ရောက်၍ မူလပစ္စည်းအစစ်ကဲ့သို့ ရောင်းချနေကြောင်း သိရပါသည်။ ယင်းပစ္စည်းအတုများသည် Canon ၏ စံနမူနာအတိုင်း ပစ္စည်းအစစ် ထုပ်ပိုးပုံနှင့် ကွဲပြားခြားနားပြီး Hologram ထည့်သွင်းထုပ်ပိုးထားရှိခြင်းများ မပါရှိကြောင်း တွေ့ရပါသည်။

ကျွန်ုပ်၏ အမှုသည်များသည် Accel International Co., Ltd of FJV Commercial Centre, အမှတ်–၄၂၂/၄၂၆၊ ၆လွှာ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင်သာ Canon battery အစစ်ကို ဖြန့်ချိရောင်းချသူအဖြစ် တရားဝင် အသိအမှတ်ပြုထားပါသည်။ သုံးစွဲသူဖြစ်စေ၊ တစ်ဆင့်ဝယ်ယူရောင်းချသူများဖြစ်စေ၊ Canon battery စစ်၊မစစ်ကို အတည်ပြုချက် ရယူလိုပါက အထက်ဖော်ပြပါ တရားဝင်ရောင်းချနေသည့် Accel International Co., Ltd. ထံတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

Canon battery ပစ္စည်းအတုများ စံချိန်မမီထုတ်လုပ်မှုနှင့် အရည်အသွေးညံ့ဖျင်းမှုတို့ကြောင့် Canon battery အတုကို သုံးမိသူများသည် ၎င်း battery ထည့်သွင်း အသုံးပြုခဲ့သော DIGITAL CAMERA (သို့မဟုတ်) အခြားပစ္စည်းများတွင် ပုံမှန်အတိုင်း အလုပ်မလုပ်ခြင်းနှင့် အသုံးပြုသူကိုပင်အန္တရာယ်ဖြစ်စေခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏အမှုသည်များသည် Canon battery ပစ္စည်းအတုများ မြန်မာ့ဈေးကွက်အတွင်းသို့ ဝင်ရောက်ခြင်းကို များစွာစိုးရိမ်ပြီး၊ ထိုသို့တုပထုတ်လုပ်သော ပင်ရင်းကိုပင် တရားဥပဒေအရ အရေးယူရန် စီစဉ်ဆောင်ရွက်နေပါသည်။

ထို့အပြင် ကျွန်ုပ်အမှုသည်များအနေဖြင့် မြင်တွေ့သိရှိသည်မှာ ရန်ကုန်မြို့အတွင်းရှိ အချို့ CAMERA ဆိုင်များသည် Canon ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်းကို ၎င်းတို့၏ ဆိုင်းဘုတ်တွင် ခွင့်ပြုချက် တစ်စုံတစ်ရာမရဘဲ ထည့်သွင်းဖော်ပြထားပြီး Canon battery အတုကိုပင်လျှင် အစစ်အနေဖြင့် ရောင်းချနေကြောင်း သိရှိရပါသည်။ ထို့ကြောင့် Canon ကုန်အမှတ်တံဆိပ်ကို ခွင့်ပြုချက်တစ်စုံတစ်ရာ မရဘဲ အသုံးပြုခြင်းနှင့် Canon battery အတုများကို အစစ်အဖြစ် ဖြန့်ဖြူး ရောင်းချနေသူများအား မြန်မာနိုင်ငံ တည်ဆဲဥပဒေများအရ အရေးယူသွားမည် ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

Canon Inc., Japan ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်တင်ဥမ္မာထွန်း
B.A(Law), LL.B, LL.M(UK)
တရားရုံးချုပ်ရှေ့နေ
အမှတ်–၅၃/၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Tel: 723043, Fax: 951-248108

ရက်စွဲ။ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်

သီတဂူကြယ်တစ်ပွင့် တရားဟောကြားမည်

ရန်ကုန် နိုဝင်ဘာ ၅

မန္တလေးမြို့ ပြည်ကြီးတံခွန်တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရေးရွှေပြည် ဆရာတော် သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် နိုဝင်ဘာ ၁၁ ရက်တွင် သဘော်ကျင်းရပ် ဒေါပုံ ရန်ကုန်မြို့၊ ၁၂ ရက်တွင် သားတော်ရာဘုရား ၅၀၄ ရပ် မန္တလေး၊ ၁၃ ရက်တွင် အိုးဘိုရပ် မန္တလေး၊ ၁၄ ရက်တွင် ကံဖြူရွာ မတ္တရာ၊ ၁၅ ရက်တွင် ငါန်းဇွန်မြို့၊ ညပိုင်းတွင် ဆယ်မျက်နှာရွာ အမရပူရ၊ ၁၆ ရက်တွင် ဇေယျာသီရိ မြင်းခြံမြို့၊ ၁၇ ရက်တွင် တောင်တလုံးဝင်း ၁၄ လမ်း မန္တလေး၊ ၁၈ နှင့် ၁၉ ရက်တွင် (၃)ရန်ပြေ သာကေတမြို့၊ ၂၀ ရက်တွင် သုံးဆယ်မြို့၊ ၂၁ ရက်တွင် (၆)ရပ်ကွက် လှိုင် ရန်ကုန်၊ ၂၂ ရက်တွင် (၆၂)လမ်းနှင့် (၃၇)လမ်း မန္တလေး၊ ၂၃ ရက်တွင် အောင်မဟာဘုံဆွမ်း မုံရွာမြို့၊ ၂၄ ရက်တွင် (ဆည်းဆာ) ၃၄ လမ်းနှင့် ၈၅ လမ်း မန္တလေး၊ ယင်းညတွင် (၂၈)လမ်း တရုတ်တန်း မန္တလေး၊ ၂၅ ရက်တွင် ကြံတိုင်းအောင် ထွန်တုန်း မန္တလေး၊ ၂၆ ရက်တွင် မြတ်သစ္စာဓမ္မာရုံ တောင်ဒဂုံ ရန်ကုန်၊ ၂၇ ရက်တွင် ဝေဘူလ (ဃ) ရပ်ကွက် သဃ်န်းကျွန်း ရန်ကုန်၊ ၂၈ရက်တွင် လမ်း ၃၀ မာလကာခြံ မန္တလေး၊ ၂၉ ရက်တွင် ရေထွန်းရပ် မန္တလေး၊ ၃၀ ရက်တွင် မင်းကြီးကြပ်ရွာ ငါန်းဇွန်မြို့၊ ဒီဇင်ဘာ ၁ ရက်တွင် (ဆည်းဆာ) ဥယျာဉ်အုတ်ဝင်း မန္တလေး၊ ယင်းညတွင် စည်သာလမ်း သူရဲတပ် မန္တလေး၊ ၂ ရက်တွင် ဒွါလောင်းရပ် နန်းရှေ့ မန္တလေး၊ ၃ ရက်တွင် (၈)ရပ်ကွက် ပြည်ကြီးတံခွန် မန္တလေး၊ ၄ ရက်တွင် ရဲစုရပ် ကျောက်ဆည်မြို့များ၌ တရားဒေသနာများ ဟောကြားမည်ဖြစ်ကြောင်း သိရှိရသည်။ (က–ပ)

မွေးနေ့ဆုမွန်လွှာ

၆–၁၁–၂၀၀၆ မှာ ကျရောက်တဲ့ ချစ်သမီးလေး **စောသီရိကိုကို (ချောစု)** ရဲ့ (၁၇)နှစ်မြောက် မွေးနေ့ မင်္ဂလာရက်မြတ်မှသည် ရည်မှန်းချက်ပန်းတိုင်ကို အရောက်သွားနိုင်ပြီး ချစ်တဲ့ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ကိုကို၊ မောင်လေးတို့နဲ့ အတူ ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ.....

ဘွားဘွား – ဒေါ်မြစိန်
ဖေဖေ – မေမေ
ကိုကြီး – ကိုရဲမင်းကိုကို
ကိုလတ် – ဒု ဗိုလ်သီဟကိုကို
မောင်လေး – စည်သူကိုကို

မွေးနေ့မင်္ဂလာဆုတောင်း

၆–၁၁–၂၀၀၆ မှာ ကျရောက်တဲ့ ချစ်သမီးလေး **စောသီရိကိုကို (ချောစု)** ရဲ့ (၁၇)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် ပျော်ရွှင်ချမ်းမြေ့ အောင်မြင်သောဘဝကို ပိုင်ဆိုင်၍ သာသနာအကျိုးကို စောင့်ရှောက်သော သမီးရတနာလေးဖြစ်ပါစေ.....

ဘဘကြီး – ဒစ်ကီ
ကြီးကြီး – ဝိုင်းလက်၊ ကြီးကြီး–ဖိန်း
ကြီးကြီး – လော်ရင်း
ဦးလေးစိုးနှင့် အစ်ကိုအစ်မများ
လားရှိုး

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးလှဦးသည် ကစားဖော်များဖြစ်ကြသော ဦးအကြွယ်၊ ဦးစိန်ပိုင် (Pro)၊ ဒေါ်မိမိငယ် တို့နှင့်အတူ အောက်တိုဘာ ၃၀ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်းတွင် ဂေါက်သီးရိုက်ကစားကြရာ Newing No (6) ဘောလုံးကို Honma iron No (7) တုက်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက် အကွာရှိ ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်း ကျင်းဝင်သွားသည်။

(ကြေးမုံ)

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားကုန်သွယ်မှု တိုးတက်ဖြစ်ထွန်းနေ အစိုးရချင်းဖြစ်စေ၊ ပြည်သူ့ချင်းဖြစ်စေ၊ အစိုးရဌာနများနှင့် ပြည်သူများအချင်းချင်းဖြစ်စေ လုပ်ငန်းများ ဆောင်ရွက်ရာ၌ ဘဏ်လုပ်ငန်းများချောမွေ့မြန်ဆန်အောင် ပူးပေါင်းဆောင်ရွက်

လက်ခံတွေ့ဆုံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ဖွဲ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာချန်းယွမ်အား Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီတွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)၌ တရုတ်ဖွဲ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာချန်းယွမ်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားတို့ တက်ရောက်ကြပြီး တရုတ်ဖွဲ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။

တရုတ်ဖွဲ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဖွဲ့ဖြိုးရေးဘဏ်နှင့် မြန်မာနိုင်ငံ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယပိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲ အမျိုးသား (Compound) F.I.T.A Round အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်) ရရှိသော မြန်မာအသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၅

ပြည်ထောင်စုမြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသော ၂၀၀၆ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ (3rd Asian Archery Grand Prix-2006)ဆုပေးပွဲကို ယနေ့ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ကရိတ်နန်းတော်၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးပြီး ဆုများချီးမြှင့်ပေးသည်။

အဆိုပါဆုပေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr.°San Guan Kosanvinta အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Maj;(RED)Ba Bharuddin Jamil ၊ အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ဧကမ္ဘာ)၊ အပြည်ပြည်ဆိုင်ရာ မြားပစ်ဒိုင်လူကြီး၊ ပြိုင်ပွဲဝင်နိုင်ငံ၊ ပြိုင်ပွဲဝင် အသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသား(Compound)F.I.T.A Round အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်) ရရှိသော မြန်မာအသင်း၊ ဒုတိယ (ငွေတံဆိပ်) ရရှိသော မလေးရှားအသင်းနှင့် တတိယ(ကြေးတံဆိပ်)ရရှိသော အိန္ဒိယအသင်းတို့ကိုလည်းကောင်း၊ အမျိုးသား (Recurve) F.I.T.A Round အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမ (ရွှေတံဆိပ်) ရရှိသော အိန္ဒိယအသင်း၊ ဒုတိယ (ငွေတံဆိပ်) ရရှိသော တရုတ်–တိုင်ပေ အသင်းနှင့် တတိယ(ကြေးတံဆိပ်)ရရှိသော စာမျက်နှာ ၇ ကော်လံ ၃ သို့ ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်နှံ့ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ စာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း ဆောင်ရွက်ရေး
* မျိုးချစ်စိတ်ဓာတ် ရင့်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရှိခိုင်ရေးနှင့် ပညာရည် မြင့်မားရေး